# နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များအပေါ်

# လေ့လာသုံးသပ်မှုစာတမ်း

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

၇၊ နိုဝင်ဘာ၊ ၂၀၁၅

USAID FROM THE AMERICAN PEOPLE

Microsoft

UNIVERSITY of WASHINGTON

BILL & MELINDA GATES foundation

EMReF Enlightened Myanmar Research Foundation









၂၀၁၅၊ နိုဝင်ဘာလ (၇) ရက်

# နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များအပေါ် လေ့လာသုံးသပ်မှုစာတမ်း

ပ ညာ အ လင်း ပွင့် မြန် မာ သု တေ သ န ဖောင် ဒေး ရှင်း

EMReF
Enlightened Myanmar
Research Foundation

EMReF
Enlightened Myanmar
Research Foundation

## ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF) သည် အမျိုးမျိုးသောဖွံ့ဖြိုးရေးကဏ္ဍများတွင် လုပ်ကိုင်နေသည့် နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာ၊ ပုဂ္ဂလိကကဏ္ဍ၊ လွှတ်တော်နှင့်အစိုးရဌာနအဖွဲ့အစည်းများ စသည့် နယ်ပယ်အသီးသီးမှ ပတ်သက်ဆက်နွယ်သူများကို သတင်းအချက်အလက်နှင့် အထောက်အထားအခြေပြု မူဝါဒအကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန်အတွက် လူမှုစီးပွားဆိုင်ရာ သုတေသနများ၊ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ လေ့လာသုံးသပ်မှုများ၊ လူမှုရေးအကဲဖြတ်ဆန်းစစ်ချက်များနှင့် အခြားသောဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် လေ့လာမှုများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည့် အကျိုးအမြတ် မယူသော အသိအမှတ်ပြု သုတေသနအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများ၊ လွှတ်တော်၏စွမ်းဆောင်မှုနှင့် အဓိကကျသောဖွံ့ဖြိုးရေးမူဝါဒကိစ္စရပ်များနှင့် ပတ်သက်၍ စိတ်ချယုံကြည်နိုင်သည့် သတင်းအချက်အလက်များကို ပံ့ပိုးခြင်းအားဖြင့် နိုင်ငံရေးအသိနိုးကြားမှုနှင့် နိုင်ငံသားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးခြင်း၌ ၎င်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။


## မိတ္တူအတွက် ဆက်သွယ်ရန်

*ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)*

တိုက်(၃)၊ အခန်း(အေ-၃၀၅)၊ သစ္စာဥယျာဉ်အိမ်ရာ၊ (၃)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံ။

ဖုန်း - +၉၅၁၈၅၆၂၄၃၉
အီးမေးလ် - EMReF.info@gmail.com
Website – www.emref.org



## ကျေးဇူးတင်လွှာ

ယခုအစီရင်ခံစာသည် "အပြောင်းအလဲကာလအတွင်း မြန်မာပြည်သူလူထု အတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်းနည်းဗျူဟာအစီအစဉ် (the Information Strategies for Societies in Transition Program)" ၏ အစီရင်စာတစ်ခု ဖြစ်ပါသည်။ သတင်းအချက်အလက်နည်းဗျူဟာအစီအစဉ်ကို USAID (United States Agency for International Development), Microsoft, the Bill & Melinda Gates Foundation နှင့် the Tableau Foundation တို့က ကူညီပေးထားခြင်းဖြစ်ပြီး ဝါရှင်တန်တက္ကသိုလ် (the University of Washington) ၏ Henry M. Jackson School of International Studies မှလည်း ပါဝင်ဖြည့်ဆည်းထားကာ ဝါရှင်တန်တက္ကသိုလ် (the University of Washington) ၏ Information School နှင့်အတူ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော the Myanmar Book Aid and Preservation Foundation (MBAPF) နှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

"နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များအပေါ် လေ့လာသုံးသပ်မှုစာတမ်း" အတွက် ရွေးကောက်ပွဲပြင်ဆင်မှုများနှင့် မအားလပ်သည့်ကြားမှ အဓိကပူးပေါင်းကူညီခဲ့ကြသည့် နိုင်ငံရေးပါတီအသီးသီးမှ ဦးဆောင်ပုဂ္ဂိုလ်များ၊ သတင်းအချက်အလက် ထိန်းသိမ်းသူပုဂ္ဂိုလ်များအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို ပွင့်လင်းစွာထုတ်ဖော်သုံးသပ်ပေးခဲ့သည်ကို အထူးပင် လေးစားကျေးဇူးတင်ရှိရပါကြောင်း ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (Enlightened Myanmar Research Foundation - EMReF) မှ မှတ်တမ်းတင်အပ်ပါသည်။



## မူပိုင်ခွင့်၊ လိုင်စင်၊ ရှင်းလင်းချက်

မူပိုင်ခွင့် ၂၀၁၅၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)၊

ယခုအစီရင်ခံစာတွင် ပါရှိသော အချက်အလက်များကို "Creative Commons Attribution Share-Alike" လိုင်စင်အောက်မှ ဖြန့်ချိခြင်းဖြစ်ပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသော ရေးသားသူ၏ ထင်မြင်ယူဆချက်များ၊ တွေ့ရှိချက်များသည် ယခုအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ရေးသားဖော်ပြချက် (သို့မဟုတ်) ထင်မြင်ချက်များ မဟုတ်ကြောင်း အသိပေးအပ်ပါသည်



အကျဉ်းချုပ်

ပညာအလင်းပွင့်မြန်မာသုတေသန (Enlightened Myan-mar Research – EMR) သည် ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သော နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် တစ်တပ်တစ်အား ပါဝင်နေသော သုတေသနအဖွဲ့အစည်း ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးပါတီများနှင့်ဆိုင်သော မြန်မာနိုင်ငံရေးပါတီများဆိုင်ရာ အချက်အလက်စုစည်းမှုစာအုပ် (၂၀၁၀ -၂၀၁၂) ကို စတင်ပြုစုခဲ့ပြီး နိုင်ငံရေးပါတီများက ထားရှိသော နိုင်ငံဖွံ့ဖြိုးရေးဆိုင်ရာ အမြင်များကိုလည်း လေ့လာသုတေသနပြု ထုတ်ဝေခဲ့ပါသည်။ ထိုမှစတင်ကာ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သော၊ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော၊ လွှတ်တော်များနှင့် သက်ဆိုင်သော လေ့လာမှုဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ အကြံပြုမှုဆိုင်ရာ စာတမ်းများ၊ စာတမ်းအကျဉ်းများကို ဆက်လက်ပြုစု သုတေသနပြုလုပ်ခဲ့ပါသည်။

ယခုအခါ ၂၀၁၅ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးမဟာမိတ်ပြုခြင်းဗျူဟာသည် လည်းအရေးပါလာမည်ဖြစ်ရာ ယခုလက်ရှိပါတီမဟာမိတ်အုပ်စုများ၏ အခန်းကဏ္ဍနှင့် အင်အားအလားအလာကို နားလည်သဘောပေါက်ရန် အရေးကြီးသည်ဟု EMR မှ ရှုမြင်မိပါသည်။ သို့ဖြစ်၍ အချိန်အကန့်အသတ်ရှိနေသည့် ကြားမှ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဝန်းကျင်တွင် ရပ်တည်လျက်ရှိသော အဓိကပါတီမဟာမိတ်အုပ်စုများအပေါ် အသေးစိတ်လေ့လာသုံးသပ်မှု ပြုလုပ်ခဲ့ပါသည်။

ယခုလေ့လာသုံးသပ်မှုမှ ၎င်းမဟာမိတ်များ၏ ဦးတည်ချက်၊ ဗျူဟာနှင့် လက်ရှိအခန်းကဏ္ဍ၊ ရွေးကောက်ပွဲအလွန် အလားအလာများကို နားလည်သဘောပေါက်နိုင်သည့်အပြင် အလားအလာကောင်းသော မဟာမိတ်အင်အားစုမှ နိုင်ငံ၏အသွင်ကူးပြောင်းရေးနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးအတွက် ဖြည့်စွမ်းနိုင်သည့် အလားအလာကိုပါ နားလည်သဘောပေါက်နိုင်ပါသည်။ ထို့ပြင် ၎င်းမဟာမိတ်အုပ်စုများရင်ဆိုင်ရသည့် အခက်အခဲနှင့်စိန်ခေါ်မှုများသည်လည်း မဟာမိတ်အုပ်စုများ ရေရှည်တည်တံ့ရေးစဉ်းစားပြင်ဆင်ရာတွင် အထောက်အကူပြုမည်ဟုမျှော်လင့်ပါသည်။ အရေးအကြီးဆုံးမှာ "မဟာမိတ်ဖွဲ့ခြင်း" ဟူသည် နိုင်ငံရေးတွင်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်းကောင်း မဟာဗျူဟာ အဖြစ် ရှုမြင်ကျင့်သုံးကြခြင်း ဖြစ်သည်။ မိမိရည်မှန်းဦးတည်သည့် ရလဒ်ပေါ်ထွက်ရန် ယင်းမဟာဗျူဟာမှာအထူးအရေးပါသည်။ သို့ဖြစ်၍ ဤမဟာဗျူဟာကို အမှန်တကယ် မဟာဗျူဟာမြောက်အလုပ် ဖြစ်စေရန်၊ အစွမ်းထက်စေရန် မဟာမိတ်ပီပြင်ရေး၊ "စုစည်းသိပ်သည်းမှုရှိရေး" နှင့် "မိမိတာမိမိလုံရေး" ကိုဖော်ဆောင်နိုင်ရန် အလွန်အရေးကြီးကြောင်းသက်ဆိုင်ရာအင်အားစုများ သဘောပေါက်လျက် ကျင့်သုံးအကောင်အထည်ဖော်နိုင်ပြီး လိုရာပန်းတိုင်ရောက်စေကြောင်း EMReF မှ ဆန္ဒပြုအပ်ပါသည်။



**KEYWORDS**

မြန်မာ၊ ရွေးကောက်ပွဲ၊ EMReF,
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း၊ သုတေသန၊
နိုင်ငံရေး၊ နိုင်ငံရေးပါတီ၊ မဟာမိတ်၊ အပြောင်းအလဲကာလအတွင်း
မြန်မာပြည်သူလူထုအတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်း
နည်းဗျူဟာ၊ ISST

## ကိုးကားရန်

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) -
(၂၀၁၅) - *နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များအပေါ်*
*လေ့လာသုံးသပ်မှုစာတမ်း* - ရန်ကုန် - မြန်မာ၊
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

# မာတိကာ

ရည်ရွယ်ချက်......6

လေ့လာသုံးသပ်မှုနည်းစနစ်......7

အနှစ်ချုပ်သုံးသပ်ချက်......8

နိဒါန်း......8

နောက်ခံအကြောင်းများ......8

ဦးတည်ချက်များ......9

မဟာမိတ်အဖွဲ့များ၏ ရွေးကောက်ပွဲဗျူဟာနှင့် လက်ရှိအခန်းကဏ္ဍ......10

မဟာမိတ်အဖွဲ့များ၏ ၂၀၁၅ ရွေးကောက်ပွဲအလွန် အခန်းကဏ္ဍ......11

အုပ်စုတစ်ခုချင်းအပေါ် အသေးစိတ် လေ့လာသုံးသပ်ချက်များ......12

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း(Nationalities Brotherhood Federation-NBF)......12

(၁) ညီနောင်တိုင်းရင်းသားများဖက်ဒရေးရှင်း ဖွဲ့စည်းခြင်းအကြောင်းရင်း......12

(က) နောက်ခံသမိုင်းအကျဉ်း......12

(ခ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း စတင်ပေါ်ပေါက်လာမှုနှင့် ဦးဆောင်သည့်ပါတီများ......13

(ဂ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ရည်ရွယ်ချက် နှင့် မျှော်မှန်းချက်......13

(ဃ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအဖွဲ့ဝင်ဖြစ်ခွင့်နှင့် သတ်မှတ်ချက်များ......13

(င) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း အဖွဲ့ဝင်ပါတီများ......13

(၂) မဟာမိတ်ပါတီ၏ ဖွဲ့စည်းမှုပုံစံနှင့် ဖွဲ့စည်းပုံစည်းမျဉ်း/မူဝါဒ......14

(က) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း ဖွဲ့စည်းပုံ......14

(ခ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ရန်ပုံငွေဆိုင်ရာအခြေအနေ......15

(၃) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ နည်းဗျူဟာများနှင့် ဆောင်ရွက်နေမှုများ......16

(က)ဖက်ဒရယ်စနစ်အပေါ် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ချဉ်းကပ်မှုပုံစံ......16

(ခ) အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ......17

(ဂ) ၈ ပြည်နယ် သတ်မှတ်ချက်အပေါ် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ အမြင်......17

(ဃ)ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအပေါ် အခြားသောမဟာမိတ်များ၏ အမြင်......17

(၄) ၂၀၁၅ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် ပြင်ဆင်ထားမှုများ ....... 18
(က) ၂၀၁၅ ရွေးကောက်ပွဲ အတွက် ပြင်ဆင်ထားမှုများ....... 18
(ခ)၂၀၁၅ ရွေးကောက်ပွဲအလွန် ပြင်ဆင်ထားမှု ....... 19
(ဂ) ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အင်အားကြီးပါတီများအပေါ်အမြင်....... 19
ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်(Federal Democracy Alliance-FDA)....... 23
(၁) FDA ကို ဖွဲ့စည်းရခြင်း၏ အကြောင်းရင်း ....... 23
(က) နောက်ခံသမိုင်းအကျဉ်း....... 23
(ခ) FDA စတင်ပေါ်ပေါက်မှုနှင့် ဦးဆောင်သည့်ပါတီများ ....... 24
(ဂ) FDA ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက် ....... 24
(ဃ) FDA အဖွဲ့ဝင်ဖြစ်ခွင့်နှင့်ပတ်သက်သည့် သတ်မှတ်ချက်များ ....... 24
(င) FDA အဖွဲ့ဝင်ပါတီများ....... 24
(၂) FDA ဖွဲ့စည်းမှုပုံစံနှင့် ဖွဲ့စည်းပုံစည်းမျဉ်း/မူဝါဒများ ....... 25
(က) ဖွဲ့စည်းမှုပုံစံ ....... 25
(ခ) FDA ၏ ရန်ပုံငွေဆိုင်ရာ အခြေအနေ....... 26
(၃) FDA ၏ နည်းဗျူဟာနှင့် ဆောင်ရွက်မှုများ ....... 26
(က) အခြားမဟာမိတ်အဖွဲ့နှင့် အခြားအဖွဲ့အစည်းများ၏ FDA အပေါ် အမြင် ....... 26
(ခ) ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပုံ ....... 26
(ဂ) FDA အဖွဲ့တွင်းနိုင်ငံရေးပါတီများ ညှိနှိုင်းဆောင်ရွက်မှုအနေအထား ....... 27
ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(United Nationalities Alliance- UNA)....... 31
(၁) UNAကိုဖွဲ့စည်းရခြင်း၏ အကြောင်းရင်း ....... 31
(က) နောက်ခံသမိုင်းအကျဉ်း....... 31
(ခ) UNAစတင်ပေါ်ပေါက်မှုနှင့် ဦးဆောင်သည့်ပါတီများ ....... 32
(ဂ) UNA ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက် ....... 32
(ဃ) UNAအဖွဲ့ဝင်ဖြစ်ခွင့်နှင့်ပတ်သက်သည့် သတ်မှတ်ချက်များ....... 32
(င) UNAအဖွဲ့ဝင်ပါတီများ ....... 32
(၂) UNAဖွဲ့စည်းမှုပုံစံနှင့် ဖွဲ့စည်းပုံစည်းမျဉ်း/မူဝါဒများ ....... 33
(က) ဖွဲ့စည်းမှုပုံစံ ....... 33

(ခ) UNA၏ ရန်ပုံငွေဆိုင်ရာအခြေအနေ....34

၃။ UNA ၏ နည်းဗျူဟာနှင့် ဆောင်ရွက်နေမှုများ ....34

(က) အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ....35

(ခ) ၈ ပြည်နယ်သတ်မှတ်ချက် (8 unit) အပေါ် UNA ၏အမြင် ....35

(ဂ) UNAအပေါ် အခြားအဖွဲ့အစည်းများနှင့် အခြားမဟာမိတ်အဖွဲ့များ၏ အမြင်....35

၃။ ၂၀၁၅ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ပြင်ဆင်ထားမှုများ....36

(က) ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားမှုများ....36

(ခ) ၂၀၁၅ ရွေးကောက်ပွဲအလွန်ပြင်ဆင်ထားမှု....37

ချင်းမိသားစုနိုင်ငံရေးပါတီများ ....38

ချင်းမိသားစုနိုင်ငံရေးပါတီများ လက်တွဲညှိနှိုင်းဆောင်ရွက်ရေး သဘောတူညီချက် ....38

(က) ချင်းမိသားစုနိုင်ငံရေးပါတီများ လက်တွဲညှိနှိုင်းဆောင်ရွက်ခြင်းအကြောင်းရင်း ....39

(ခ) ချင်းမိသားစုနိုင်ငံရေးပါတီများသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သောနိုင်ငံရေးပါတီများ ....39

(ဂ) ချင်းမိသားစုနိုင်ငံရေးပါတီများမဟာမိတ်အဖွဲ့၏ ကြုံတွေ့ရသည့်အခက်အခဲများ ....40

# ရည်ရွယ်ချက်

ပညာအလင်းပွင့်မြန်မာသုတေသန (Enlightened Myanmar Research – EMR) သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပေါ် အခြေတည်သော လေ့လာမှုများကို ၂၀၁၂ ခုနှစ်မှစ၍ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံရေးပါတီများ၏အချက်အလက်များ စုစည်းစာအုပ်ကို လေ့လာထုတ်ဝေနိုင်ခဲ့ပြီး မကြာသေးမီက လွှတ်တော်များ၏သတင်းအချက်အလက်ဖြန့်ဖြူးမှုဆိုင်ရာ သုတေသနစာတမ်းငယ်ကို ပြုစုထုတ်ဝေခဲ့ပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းမှုများနှင့် လေ့လာသုံးသပ်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ စက်တင်ဘာလအတွင်း "ရွေးကောက်ပွဲဆိုင်ရာ အရေးပါသတင်းအချက်အလက်များ" စာတမ်း၊ အောက်တိုဘာလအတွင်း "၂၀၁၅ အထွေထွေရွေးကောက်ပွဲကြေညာ စာတမ်းလေ့လာသုံးသပ်မှုသုတေသနစာတမ်းငယ်" တို့ကို ဆက်တိုက် ထုတ်ဝေခဲ့ပါသည်။

ယခုအခါ ၂၀၁၅ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးမဟာမိတ်ပြုခြင်းဗျူဟာသည် လည်း အရေးပါလာမည်ဖြစ်ရာ ယခုလက်ရှိပါတီမဟာမိတ်အုပ်စုများ၏ အခန်းကဏ္ဍနှင့် အင်အားအလားအလာကို နားလည်သဘောပေါက်ရန် အရေးကြီးသည်ဟု EMR မှ ရှုမြင်မိပါသည်။ သို့ဖြစ်၍ အချိန်အကန့်အသတ်ရှိနေသည့် ကြားမှ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဝန်းကျင်တွင် ရပ်တည်လျက်ရှိသော အဓိကပါတီမဟာမိတ်အုပ်စုများအပေါ် အသေးစိတ်လေ့လာသုံးသပ်မှု ပြုလုပ်ခဲ့ပါသည်။

ယခု လေ့လာသုံးသပ်မှုမှ ၎င်းမဟာမိတ်များ၏ ဦးတည်ချက်၊ ဗျူဟာနှင့် လက်ရှိအခန်းကဏ္ဍ၊ ရွေးကောက်ပွဲ အလွန် အလားအလာများကို နားလည်သဘောပေါက်နိုင်သည့်အပြင် အလားအလာကောင်းသော မဟာမိတ်အင်အားစုမှ နိုင်ငံ၏အသွင်ကူးပြောင်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေး အတွက် ဖြည့်စွမ်းနိုင်သည့်အလားအလာကိုပါ နားလည်သဘောပေါက်နိုင်ပါသည်။ ထို့ပြင် ၎င်းမဟာမိတ်အုပ်စုများ ရင်ဆိုင်ရသည့် အခက်အခဲနှင့်စိန်ခေါ်မှုများသည်လည်း မဟာမိတ်အုပ်စုများ ရေရှည်တည်တံ့ရေး စဉ်းစားပြင်ဆင်ရာ တွင် အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။ အရေးအကြီးဆုံးမှာ "မဟာမိတ်ဖွဲ့ခြင်း" ဟူသည် နိုင်ငံရေးတွင်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်းကောင်း မဟာဗျူဟာအဖြစ် ရှုမြင်ကျင့်သုံးကြခြင်း ဖြစ်သည်။ မိမိရည်မှန်းဦးတည်သည့် ရလဒ်ပေါ်ထွက်ရန် ယင်းမဟာဗျူဟာမှာ အထူးအရေးပါသည်။ သို့ဖြစ်၍ ဤမဟာဗျူဟာကို အမှန်တကယ်မဟာဗျူဟာမြောက် အလုပ်ဖြစ်စေရန်၊ အစွမ်းထက်စေရန် မဟာမိတ်ပီပြင်ရေး၊ "စုစည်းသိပ်သည်းမှုရှိရေး" နှင့် "မိမိတာမိမိလုံရေး" ကို ဖော်ဆောင်နိုင်ရန် အလွန်အရေးကြီးကြောင်း သက်ဆိုင်ရာ အင်အားစုများ သဘောပေါက်လျက် ကျင့်သုံးအကောင်အထည်ဖော်နိုင်ပြီး လိုရာပန်းတိုင်ရောက်စေကြောင်း EMR မှ ဆန္ဒပြုအပ်ပါသည်။

## လေ့လာသုံးသပ်မှုနည်းစနစ်

ယခု လေ့လာသုံးသပ်မှုအတွက် ပထမဦးစွာ လက်ရှိ မြန်မာနိုင်ငံရေးဝန်းကျင်တွင် ရပ်တည်လျက်ရှိသော မဟာမိတ်အုပ်စုများအား ဖော်ထုတ်ခြင်း (Mapping) ပြုလုပ်ပါသည်။ ထို့နောက် အဓိကကျသော မဟာမိတ်အုပ်စုများအား ချဉ်းကပ်လျက် ဦးဆောင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အသေးစိတ်တွေ့ဆုံမေးမြန်းပါသည်။ မဟာမိတ်များအတွင်း ပါဝင်သော ဦးဆောင်ပါတီများအပြင် အဖွဲ့ဝင်ပါတီများနှင့် မိတ်ဖက်အဖွဲ့များအားလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းရာတွင် ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှု (Focus Group Discussion) အပြင် တစ်ဦးချင်းစီအလိုက် မေးမြန်းမှု (In-Depth Interview) များလည်း ပြုလုပ်ပါသည်။

တွေ့ဆုံမေးမြန်းသည့်နည်းလမ်းအပြင် မဟာမိတ်အဖွဲ့များ၏ ညှိနှိုင်းဆွေးနွေးပွဲများ၊ ဖိုရမ်များသို့လည်း တက်ရောက် လေ့လာခဲ့ခြင်း (Observation) လည်း ပြုလုပ်ခဲ့ပါသည်။ နောက်ဆုံးတွင် အဓိကမဟာမိတ်အုပ်စုများအပေါ် Case studies များအဖြစ် အသေးစိတ်လေ့လာသုံးသပ်မှု ပြုလုပ်ခဲ့ပါသည်။

# အနှစ်ချုပ်သုံးသပ်ချက်

## နိဒါန်း

၂၀၁၀ နိုင်ငံရေးအသွင်ပြောင်းကာလမှစ၍ ယခု ၂၀၁၅ ရွေးကောက်ပွဲကာလအတွင်း ရပ်တည်လှုပ်ရှားလျက်ရှိသည်။ နိုင်ငံရေးပူးပေါင်းမှုအသွင်ဆောင်သော အုပ်စုများကို လေ့လာရာ အဓိကအဖွဲ့ (၃) ဖွဲ့ရှိသည်ကို တွေ့ရသည်။ ၎င်းအဖွဲ့များမှာ ညီညွတ်သောတိုင်းရင်းသားလူမျိုးမဟာမိတ် (United Nationalities Alliance – UNA)၊ ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် (Federal Democracy Alliance – FDA) နှင့် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (Nationalities Brotherhood Federation – NBF) တို့ ဖြစ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ပိုမိုနီးကပ်လာသည့်ကာလတွင် တိုင်းရင်းသားမျိုးတူအုပ်စုပါတီများအချင်းချင်းကြား ညှိနှိုင်းဆွေးနွေးမှုများကို လေ့လာတွေ့ရှိရသော်လည်း နိုင်ငံရေးပူးပေါင်းမှုအသွင်ဆောင်သော အဖွဲ့အနေဖြင့် ချင်းမိသားစုနိုင်ငံရေးပါတီများတစ်ခုသာ ပိုမိုထင်ရှားစွာ တွေ့ရှိရသည်။ သို့ဖြစ်၍ ယခုလေ့လာသုံးသပ်မှုတွင် အဓိကနိုင်ငံရေးပူးပေါင်းအုပ်စုများအနေဖြင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA)၊ ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် (FDA) နှင့် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF) တို့ကို အသေးစိတ်လေ့လာသုံးသပ်မှု ပြုခဲ့ပါသည်။ ချင်းမိသားစုနိုင်ငံရေးပါတီများသည်လည်း ၎င်း၏ရည်ရွယ်ချက်နှင့်နည်းဗျူဟာမှာ စိတ်ဝင်စားဖွယ်ဖြစ်၍ ယခုလေ့လာမှုတွင် အကျဉ်းအားဖြင့် လေ့လာသုံးသပ်ထားပါသည်။

ယင်းအုပ်စုများအနက် UNA နှင့် FDA မှာ ၎င်းတို့၏ နိုင်ငံရေးပူးပေါင်းမှုအား မဟာမိတ် (Alliance) ဟု ပီပြင်စွာ သတ်မှတ်သော်လည်း NBF နှင့် ချင်းမိသားစုပါတီများကမူ နိုင်ငံရေးမဟာမိတ်ဖွဲ့ခြင်းဟု ၎င်းကိုယ်၎င်းတို့ မခံယူပေ။ ၎င်းတို့၏ဗျူဟာများတွင် ရွေးကောက်ပွဲဆိုင်ရာဗျူဟာများ ပါဝင်နေသည့်တိုင်အောင် ဦးတည်ချက်အရ နိုင်ငံရေးပါတီများ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ပေါင်းစည်းထားခြင်းဟုသာ သုံးသပ်ပြောကြားသည်ကို တွေ့ရသည်။ တစ်ဖက်တွင်လည်း UNA ကို ကြည့်ပါက ရွေးကောက်ပွဲဗျူဟာအဖြစ် ခိုင်မာစွာမရှိသော်လည်း မဟာမိတ်ဟု သတ်မှတ်သုံးစွဲသည်ကို တွေ့ရပြန်သည်။ သို့ဖြစ်၍ ယခုလေ့လာသုံးသပ်မှုကို နိုင်ငံရေးပူးပေါင်းအုပ်စုများ လေ့လာမှုအဖြစ် ကျယ်ပြန့်စွာ ရှုမြင်နိုင်ပါသည်။

## နောက်ခံအကြောင်းများ

လက်ရှိနိုင်ငံရေးပူးပေါင်းအုပ်စုများ၏ စတင်ဖြစ်တည်မှုအရ ကြည့်လျှင် အဓိကအားဖြင့် ၁၉၉၀ ရွေးကောက်ပွဲကာလနှင့် မကြာသေးသော ၂၀၁၀ နိုင်ငံရေးအသွင်ပြောင်းကာလနှစ်ခုကို နောက်ခံအဖြစ် တွေ့ရမည်။ UNA ၏ ဇစ်မြစ်ကို ၁၉၉၀ ရွေးကောက်ပွဲကာလတွင် တွေ့ရပြီး အခြားအုပ်စုများဖြစ်သော FDA၊ NBF နှင့် ချင်းမိသားစုနိုင်ငံရေးပါတီများမှာ ယခုအသွင်ပြောင်းကာလတွင် အခြေတည်ကြောင်း တွေ့ရသည်။

၁၉၉၀ ရွေးကောက်ပွဲကာလကို အခြေပြုသော UNA သည် ၉၀ ရွေးကောက်ပွဲကာလ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် မဟာမိတ်ပြု၍ UNLD အဖြစ် ပေါင်းစည်းရပ်တည်ခဲ့သည့် နောက်ခံကိုလည်း တွေ့ရသည်။ ယင်းတို့အနက် ဦးဆောင်ပါတီဖြစ်သည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) မှာ ၂၀၁၀ နှင့် ၂၀၁၂ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုခဲ့ပေ။ သို့သော် ယခုအခါ UNA အနေဖြင့် NLD အား မိတ်ဖက်ပါတီအဖြစ် သတ်မှတ်ထားဆဲဖြစ်သော်လည်း အရေးပါသည့်ပူးပေါင်းမှုမျိုး မရှိသည်ကို လေ့လာတွေ့ရှိရသည်။

FDA မှာ စတင်ဖွဲ့စည်းစဉ်က တိုင်းရင်းသားပါတီများ ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် အခြားတိုင်းရင်းသားပါတီများမှာ NBF အနေဖြင့် အဓိကပေါင်းစည်းသွားကြသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ လက်ရှိအဓိကအုပ်စုနှစ်ခုဖြစ်သော UNA နှင့် NBF ၏ အဓိကဦးဆောင်မှုအခန်းကဏ္ဍတွင် ရှမ်းနိုင်ငံရေးပါတီနှစ်ခုဖြစ်သော SNLD နှင့် SNDP တို့ အသီးသီးရပ်တည်လျက် ရှိသည်ကို တွေ့ရသည်။

ဦးတည်ချက်အားဖြင့် သုံးသပ်ကြည့်လျှင် အဓိကဘုံတူညီချက်မှာ အင်အားကြီးနိုင်ငံရေးပါတီ (၂) ပါတီအား နိုင်ငံရေးထိန်းညှိနိုင်ရန်နှင့် ယှဉ်ပြိုင်ရပ်တည်သွားနိုင်ရန် ဖြစ်သည်ကို တွေ့ရမည်။ "စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်" ဆိုသော ဦးတည်ချက်မှာ (အခြား)တိုင်းရင်းသားအခြေပြုအုပ်စုများမှ ပိုမိုသိသာစွာ ကိုင်စွဲထားသည်ကို တွေ့ရသည်။ (အဓိက ဦးတည်ချက်များအခန်းတွင် အကျယ်တဝင့် သုံးသပ်ပါသည်)

## ဦးတည်ချက်များ

လေ့လာခဲ့သော နိုင်ငံရေးပူးပေါင်းအုပ်စုများအားလုံးမှ တွင်တွင်ကျယ်ကျယ် ပြောဆိုသော ဘုံရည်မှန်းချက်မှာ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ပေါက်ရေး ဖြစ်သော်လည်း အင်အားကြီး (၂) ပါတီဖြစ်သည့် USDP နှင့် NLD ကို ထိန်းကျောင်းရေးမှာလည်း ၎င်းတို့၏ တူညီသော ရည်မှန်းချက်ပင် ဖြစ်သည်။ တိုင်းရင်းသားပါတီများအနေဖြင့်မူ တိုင်းရင်းသားပါတီများအချင်းချင်း မဟာဗျူဟာကျကျ စုစည်းထားခြင်းဖြင့် ဖက်ဒရယ်အရေးတောင်းဆိုရာတွင် တိုင်းရင်းသားတို့၏အင်အား အလေးသာရန် ပိုမိုရည်ရွယ်သည်။

နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် ပေါ်ပေါက်ရန်မှာလည်း အဓိကအုပ်စုများဖြစ်သည့် NBF၊ UNA နှင့် FDA တို့၏ တူညီသည့် ရည်မှန်းချက်ဖြစ်သည်။ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအတွက် နိုင်ငံရေးဆွေးနွေးပွဲ တစ်ရပ်ပေါ်ပေါက်လာရန်မှာ အလွန်အရေးကြီးသည်ဟု အုပ်စုများအားလုံးမှ ရှုမြင်ကြသည်။ သို့သော် လေ့လာသုံးသပ်မှုအရ UNA မှ နိုင်ငံရေးဆွေးနွေးပွဲပေါ်ပေါက်ရန် ပိုမိုတွန်းအားပေးသည်ကို တွေ့ရပြီး NBF နှင့် FDA မှာ ယခုလက်ရှိ လွှတ်တော်တွင်းနိုင်ငံရေးနှင့် ပိုမိုအသားကျသည်ကို တွေ့ရှိရသည်။ နိုင်ငံရေးဆွေးနွေးပွဲနည်း (သို့မဟုတ်) လွှတ်တော်ပြင်ပနည်းဖြင့်သာချဉ်းကပ်ရန် UNA ခေါင်းဆောင်ပိုင်းမှ အစဉ်တစိုက် တွန်းအားပေးခဲ့သည်ကို တွေ့ရပြီး ၂၀၁၅ ရွေးကောက်ပွဲမဝင်ရန်ပင် စဉ်းစားခဲ့သည်ဟု လေ့လာသိရှိရသည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ထွန်းရေးမှာ NBF နှင့် UNA နှစ်ဖွဲ့စလုံး၏ ဘုံရည်မှန်းချက်ဖြစ်သော်လည်း ဖက်ဒရယ်စနစ်အပေါ်တွင် ခံယူပုံချင်း ကွာခြားသည်ဟု တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထင်မြင်ယူဆလျက် ရှိသည်။ သို့သော် ယခုလေ့လာသုံးသပ်မှုမှ တွေ့ရှိရသည်မှာ တစ်ဖက်၏ ရပ်တည်မှုအပေါ် တစ်ဖက်မှ အပြည့်အဝ နားလည်သဘောမပေါက်သည်ကို တွေ့ရှိရသည်။

ဖက်ဒရယ်စနစ်ကို ချဉ်းကပ်ရာတွင် UNA မှ (၈) ပြည်နယ်မူ (သို့) "8-Unit" မူကို စွဲကိုင်ထားသည်ကို တွေ့ရသည်။ "8-Unit" မူကို ယခင် "ရှမ်းမူ" မှ အခြေခံသည်ဟု ပြောဆိုကြသည်။ ယင်းမူဝါဒအားဖြင့် လွှတ်တော်တွင်း (အထူးအားဖြင့် လူမျိုးစုလွှတ်တော်ဟု သတ်မှတ်သင့်သော အမျိုးသားလွှတ်တော်တွင်း) ၌

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုမှုပုံစံထားရှိခြင်းကို ဆိုလိုသည်။ ယေဘုယျအားဖြင့် "8-Unit" ဟုသာ ဆိုသော် လည်း တိုင်းရင်းသားအုပ်စုများအလိုက် ကိုယ်စားပြုမှုရရှိရေးကို အသိအမှတ်ပြုသောမူ ဖြစ်သည်။

NBF အနေဖြင့်မူ 8-Unit မူကို မူဝါဒဖြင့် အနှစ်သက်ဆုံးမူ ဖြစ်သည်ဟု ဆိုသော်လည်း လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးအနေအထားဖြင့် လက်တွေ့ကျသည်ဟု မရှုမြင်ကြောင်း လေ့လာသိရှိရသည်။ သို့ဖြစ်၍ ယင်း 8-Unit မူကို တိုက်တွန်းခြင်း၊ ချဉ်းကပ်ခြင်း မပြုတော့ဟု လေ့လာသိရှိရပါသည်။

## မဟာမိတ်အဖွဲ့များ၏ ရွေးကောက်ပွဲဗျူဟာနှင့် လက်ရှိအခန်းကဏ္ဍ

လေ့လာခဲ့သော မဟာမိတ်အုပ်စုများတွင် NBF, FDA နှင့် ချင်းမိသားစုပါတီများတွင် ရွေးကောက်ပွဲဆိုင်ရာဗျူဟာများထားရှိသည်ကို သိသာစွာလေ့လာတွေ့ရှိခဲ့ရသည်။ UNA တွင်မူ နိုင်ငံရေးပါတီမဟာမိတ်ပုံစံဆိုသည်ထက် နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်မှုအသွင်ကိုဆောင်သည့်အတွက် ရွေးကောက်ပွဲဗျူဟာဟူ၍ သီးခြားမရှိကြောင်း သိရှိရသည်။

ချမှတ်ရေးဆွဲထားသော ရွေးကောက်ပွဲဗျူဟာအား လက်ရှိတွင် NBF တစ်ခုတည်းကသာ လက်တွေ့အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိရသည်။ NBF ၏ အဓိကရွေးကောက်ပွဲဗျူဟာမှာ ပြည်နယ်များတွင် မဟာမိတ်တိုင်းရင်းသားပါတီများ၏ ယှဉ်ပြိုင်မှုကို ကန့်သတ်ထားခြင်း၊ quota ခွဲဝေခြင်းများမထားရှိပေ။ NBF ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာခြေလှမ်းမှာ တိုင်းဒေသကြီးများတွင် အဓိကအင်အားကြီးနှစ်ပါတီကို ယှဉ်နိုင်သော အဓိကနိုင်ငံရေးပြိုင်ဘက်ဖြစ်လာရန် ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party-FUP) ကို သီးသန့်ထူထောင်ခဲ့ခြင်းဖြစ်သည်။ FUP အနေဖြင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးများရှိ မြို့နယ်တစ်ခုစီတွင် အနည်းဆုံး ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ထားသည်။

FDA နှင့် ချင်းမိသားစုပါတီများတွင် ရွေးကောက်ပွဲဗျူဟာများ ချမှတ်ခဲ့မှုများရှိခဲ့သော်လည်း လက်တွေ့၌ အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ (မဟာမိတ်အုပ်စုအသီးသီးအတွက် အသေးစိတ်လေ့လာသုံးသပ်မှုကဏ္ဍတွင် အပြည့်အစုံဖတ်ရှုရန်)

အခြားသော နိုင်ငံရေးအခန်းကဏ္ဍအားဖြင့် စဉ်းစားလျှင် FDA မှာ နိုင်ငံရေးပါတီငယ်များကို ကိုယ်စားပြုအဖြစ် အစိုးရ၏အသိအမှတ်ပြုမှုကိုရရှိခဲ့သည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေးဆိုင်ရာနှင့် အခြေခံဥပဒေပြင်ဆင်မှုဆိုင်ရာ နိုင်ငံရေးဆွေးနွေးမှုများတွင် FDA ခေါင်းဆောင်ပိုင်းအား အစိုးရမှ တရားဝင်ဖိတ်ကြားပါဝင်စေခဲ့သည်ကို တွေ့ရသည်။ သို့သော် FDA မှ NDF ပါတီအားထုတ်ပယ်ပြီးသည့်နောက်ပိုင်းတွင် အဖွဲ့၏ဦးဆောင်ပိုင်းတွင် အားယုတ်လာသည်ကို တွေ့ရကြောင်း အခြားနိုင်ငံရေးမဟာမိတ်အုပ်စုများမှ သုံးသပ်ကြသည်။

UNA အနေဖြင့်ဆိုလျှင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရသည့် နိုင်ငံရေးသမိုင်းကြောင်းရှိခဲ့သည်ဖြစ်၍ နိုင်ငံရေးအင်အားစုများ၏ အသိအမှတ်ပြုမှုကို ဆက်လက်ရရှိထားသည်။ ၎င်းတို့အနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အသံထင်ဟပ်ရန်လည်း ကိုယ်စားပြုပေးကြောင်း ပွင့်လင်းစွာထုတ်ဖော်ပြောကြားသည်။ ထို့ပြင် အခြားသော နိုင်ငံရေး တက်ကြွလှုပ်ရှားအုပ်စုများဖြစ်သည့် NNER၊ မြန်မာနိုင်ငံရေ့နေများကွန်ယက်၊ ABSDF စသည့် အဖွဲ့အစည်းများနှင့်လည်း မိတ်ဖက်ဖွဲ့စည်းထားရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အစိုးရ၏ အသိအမှတ်ပြုမှုကို

ယခုထက်ပို၍ရရှိသင့်ကြောင့် ပြောဆိုကြသည်။ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးတောင်းဆိုလှုပ်ရှားမှုအတွင်း အစိုးရနှင့် တက်ကြွလှုပ်ရှားသော ပင်မသပိတ်စစ်ကြောင်းတို့အကြား ကြားဝင်ညှိနှိုင်းပေးရေးကို UNA ၏ ဦးဆောင်ပါတီဖြစ်သော SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးမှ ဝင်ရောက်ပံ့ပိုးပေးခဲ့သည့်သာဓကလည်း ရှိခဲ့သည်ကို တွေ့ရသည်။ သို့သော် ယင်းကြားဝင်ညှိနှိုင်းမှုမှာ အောင်မြင်ခြင်းမရှိခဲ့ပေ။

ချင်းမိသားစုနိုင်ငံရေးပါတီများကို လေ့လာကြည့်လျှင် ပါတီများပေါင်းစည်းရေးထက် ရွေးကောက်ပွဲမဟာဗျူဟာချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ရန် အဓိကထားသည်ကို တွေ့ရသည်။ ဗျူဟာနည်းမျိုးစုံချပြလျက် တိုင်ပင်ညှိနှိုင်းခဲ့ကြသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

## မဟာမိတ်အဖွဲ့များ၏ ၂၀၁၅ ရွေးကောက်ပွဲအလွန် အခန်းကဏ္ဍ

ရွေးကောက်ပွဲမဟာဗျူဟာချမှတ်လုပ်ဆောင်မှုတွင် အကောင်အထည်ဖော်နိုင်ခဲ့သော NBF တွင်သာ ဖြစ်ပေါ်လာနိုင်ခြေရှိသော ၂၀၁၆ လွှတ်တော်အခင်းအကျင်းပုံစံကို ပို၍ပီပြင်စွာ မျှော်မှန်းထားသည်ကို တွေ့ရသည်။ တပ်မတော်သားကိုယ်စားလှယ် ၂၅% ရှိထားပြီးသော လွှတ်တော်အခင်းအကျင်းတွင် အခြား ၄၄% သည် အင်အားကြီးနှစ်ပါတီဖြစ်သည့် NLD ပါတီနှင့် USDP ပါတီမှ ရယူသွားနိုင်ပြီး NBF နှင့် ၎င်း၏ ညီနောင်တိုင်းရင်းသားပါတီများမှ ကျန် ၃၀% ကို အနည်းဆုံးရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ ဤသည်ကို ထောက်ရှုလျှင် NBF သည် ၂၀၁၅ အလွန်တွင် လွှတ်တော်နိုင်ငံရေးကို အားထားလှုပ်ရှားသွားရန်မှာ ပိုမိုထင်ရှားလျက်ရှိသည်။ သို့သော် မျှော်မှန်းထားသော ၃၀% အနက်မှ အခြားအင်အားသင့် မြန်မာပါတီများအား ထည့်သွင်းစဉ်းစားရဦးမည်ဖြစ်သည်။

UNA အနေဖြင့်မူ လွှတ်တော်တွင်းနိုင်ငံရေးတွင် အခြားတိုင်းရင်းသားအင်အားစုဖြစ်သည့် NBF နှင့် အဓိကညှိနှိုင်းဆောင်ရွက်သွားရမည့် အနေအထားဖြစ်သည်။

FDA အနေဖြင့်မူအင်အားပြန်လည်စုစည်းနိုင်မည့်အနေအထားထက် ယခင်စုစည်းခဲ့စဉ်က ပါဝင်ခဲ့သည့်တိုင်းရင်းသားအင်အားစုများ၊ အထူးသဖြင့် NBF နှင့် ညှိနှိုင်းဆောင်ရွက်သွားရမည့် အနေအထားဖြစ်သည်။ FDA အဖြစ် အင်အားစုစည်းကာ ဆက်လက်ရပ်တည်သွားရန် ခက်ခဲမည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ၂၀၁၅ရွေးကောက်ပွဲလွန် နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးမဟာမိတ်အဖြစ်လိုအပ်ချက်အရလည်းကောင်း၊ အင်အားအနေအထားအရလည်းကောင်း စဉ်းစားလျှင် တိုင်းရင်းသားပါတီအုပ်စုများ၏ အခရာကျမှုကိုသာ သိသာစွာတွေ့ရသည်။ တိုင်းရင်းသားပါတီများအနေဖြင့် ယခင်ကထက်ပိုမိုခိုင်မာသော မဟာမိတ်အင်အားစုအဖြစ် ဖွဲ့စည်းရပ်တည်ခြင်းသည် မဟာဗျူဟာသဖွယ်ဖြစ်ပြီး ၎င်းတို့၏ အင်အားအလားအလာ (Power Potential) ကို တိုးစေခြင်းအကြောင်းဖြစ်သည်။ အင်အားကြီးပါတီနှစ်ခုအား ထိန်းညှိထားနိုင်သကဲ့သို့ ၎င်းတို့လိုလားတောင့်တသော စစ်မှန်သော ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ရေးအထောက်အကူဖြစ်လိမ့်မည်။

သို့ဖြစ်၍ ၂၀၁၅ အလွန်နိုင်ငံရေးအခင်းအကျင်းတွင် ထိရောက်သော တိုင်းရင်းသားပါတီမဟာမိတ်အုပ်စုတစ်စုတည်းအသွင်ဆောင်ယူရပ်တည်မှုမျိုး ပေါ်ပေါက်လာရန် အလားအလာအလွန်ကောင်းကြောင်း လေ့လာမှုမှတွေ့ရှိရပါသည်။ ယင်းမဟာမိတ်အုပ်စုအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို သိသိသာသာပံ့ပိုးဖြည့်စွမ်းမှုရှိလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# အုပ်စုတစ်ခုချင်းအပေါ် အသေးစိတ် လေ့လာသုံးသပ်ချက်များ

# ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း(Nationalities Brotherhood Federation-NBF)

## (၁) ညီနောင်တိုင်းရင်းသားများဖက်ဒရေးရှင်း ဖွဲ့စည်းခြင်းအကြောင်းရင်း

### (က) နောက်ခံသမိုင်းအကျဉ်း

၂၀၁၀ ခုနှစ်၌ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများ တရားဝင်ဖွဲ့စည်းပြီးနောက် ရည်ရွယ်ချက်၊ ပန်းတိုင်ချင်းတူသော တိုင်းရင်းသားပါတီများဖြစ်သည့် ချင်းအမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီတို့သည် ညီနောင်တိုင်းရင်းသားများစုစည်းထားသောအဖွဲ့ (Nationalities Brotherhood Forum) အား ၂၀၁၀ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။ထိုပါတီ(၅)ခုတို့သည် သမိုင်းအဆက်ဆက်တွင် ဆုံးရှုံးခဲ့သော တိုင်းရင်းသားအခွင့်အရေးများ ပြန်လည်ခံစားခွင့်ရရှိရေး အခြေခံပေါ်တွင် စုစည်းညီညွတ်ခဲ့ကြသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားအခွင့်အရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးကို အာမခံဆောင်ကျဉ်းပေးနိုင်သော ဥပဒေမဟုတ်ကြောင်း ညီနောင်တိုင်းရင်းသား(၅)ပါတီတို့သည် ယုံကြည်ခဲ့ကြသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှတစ်ဆင့် ဖွဲ့စည်းပုံကို ပြင်ဆင်ပြောင်းလဲနိုင်ရန် နိုင်ငံရေးခံယူချက်ထားရှိခဲ့ကြသည်။၂၀၁၀ရွေးကောက်ပွဲပြီးနောက် ညီနောင်တိုင်းရင်းသားများ စုစည်းထားသောအဖွဲ့ (Nationalities Brotherhood Forum) အားသိရှိသူများလာပြီး ရည်ရွယ်ချက်၊ ပန်းတိုင်တူသော တိုင်းရင်းသားပါတီများသည် အဖွဲ့ဝင်အဖြစ် ကမ်းလှမ်းဝင်ရောက်လာခဲ့ကြသည်။ ဗမာအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တောင်းဆိုနေသော ဖက်ဒရယ်စနစ်ကျင့်သုံးရေး၊ စစ်မှန်သော ဖက်ဒရယ်စနစ်ပေါ်ထွန်းရေး၊ နိုင်ငံရေးဦးတည်ချက်နှင့်အညီ ညီနောင်တိုင်းရင်းသားများ စုစည်းထားသောအဖွဲ့ (Nationalities Brotherhood Forum) မှ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း(Nationalities Brotherhood Federation) အဖြစ် ၂၀၁၃ ခုနှစ်နိုဝင်ဘာ (၁၀)ရက်နေ့တွင် သတ်မှတ်ခဲ့ကြသည်။ ညီနောင်တိုင်းရင်းသားမဟာမိတ်အဖွဲ့သည် ပါတီနိုင်ငံရေးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် အဖွဲ့ဝင် ပါတီများမှ ကိုယ်စားလှယ်(၂)ဦးစီပါဝင်သော ဖယ်ဒရယ်ပြည်ထောင်စုပါတီဟုခေါ်သော ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ညီမငယ်အသွင်ဆောင်သည့်ပါတီအဖြစ် ၂၀၁၃ ဖွန်လ (၁၂)ရက်နေ့တွင် ထူထောင်ထားခဲ့သည်။

## (ခ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း စတင်ပေါ်ပေါက်လာမှုနှင့် ဦးဆောင်သည့်ပါတီများ

ညီနောင်တိုင်းရင်းသားမဟာမိတ်အဖွဲ့၏ ဦးဆောင်အခန်းကဏ္ဍတွင် ရှိနေသည့်ပါတီများမှာ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့်ရခိုင်အမျိုးသားပါတီ တို့ဖြစ်ကြသည်။ ထိုပါတီများသည် ပွင့်လင်းစွာဆောင်ရွက်၍မရခဲ့သည့် မြန်မာ့နိုင်ငံရေးအခြေအနေများကြားမှပင် တိုင်းရင်းသားပါတီများ တစ်စုတစ်စည်းတည်းဖြင့် နိုင်ငံရေးဆိုင်ရာပူးသန်းခြင်းတစ်ခုအား စနစ်တကျ ထူထောင်လိုကြသည်။

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းဟု ပိုမိုပီပြင်လာစေမှုသည် ၂၀၁၀ရွေးကောက်ပွဲပြီးနောက်ပိုင်း ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအဖွဲ့၏ ပါတီဝင်များသည် ပြည်နယ်ကိုယ်စားလှယ်အဖြစ်(၉၂)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်(၂၄)ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်(၄၂)ဦး၊ စုစုပေါင်းကိုယ်စားလှယ်(၁၅၈) ဦးသည် လွှတ်တော်အဆင့်ဆင့်တွင် မျှော်မှန်းထားသည်ထက် နေရာပိုမိုရရှိလာခြင်းကြောင့် ဖြစ်သည်။

## (ဂ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ရည်ရွယ်ချက် နှင့် မျှော်မှန်းချက်

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းသည် မြန်မာ့ဒီမိုကရေစီအရေးအား (၁)ဖက်ဒရယ်စနစ်တည်ဆောက်ရေး (၂)တိုင်းရင်းသားများအားလုံးတန်းတူဖွံ့ဖြိုးတိုးတက်ရေးနှင့် (၃)ဒီမိုကရေစီစနစ်ထွန်းကားရေး ဆိုသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် လျှောက်လမ်းခဲ့ကြသည်မှာ (၅) နှစ်သက်တမ်းရှိခဲ့ပြီဖြစ်သည်။ စတင်ခဲ့စဉ်ကပင် မြန်မာ့နိုင်ငံရေးတွင် တိုင်းရင်းသားများပါဝင်သည့် အဖွဲ့တစ်ခုသည် တတိယအင်အားအကြီးဆုံး ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် စတင်ခဲ့ကြသည်။

## (ဃ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအဖွဲ့ဝင်ဖြစ်ခွင့်နှင့် သတ်မှတ်ချက်များ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းတွင် ဗမာမဟုတ်သည့် တိုင်းရင်းသားပါတီများအား အဖွဲ့ဝင်ပါတီအဖြစ်ဝင်ရောက်ခွင့်ပြုသော်လည်း ပါတီ၏ နောက်ခံအကြောင်းအချက်များကို လေ့လာစိစစ်ပြီးမှသာ အဖွဲ့ဝင်အဖြစ်လက်ခံသည်။ အဖွဲ့ဝင်ဖြစ်လိုသည့်ပါတီသည် ညီနောင်တိုင်းရင်းသားမဟာမိတ်အဖွဲ့၏ (၂)လ တစ်ကြိမ်ကျင်းပသည့် အစည်းအဝေးများ၌ အနည်းဆုံး(၃) ကြိမ်ခန့် လေ့လာသူများအဖြစ်ပါဝင်ခွင့်ပြုသည်။ထို့နောက်ပိုင်းမှသာ တင်းပြည့်ပါတီဝင်အဖြစ် ဝင်ရောက်ခွင့်ပြုသည်။ ကျန်ပါတီများမှာ အမြဲတမ်းပါတီဝင်အနေဖြင့်မဟုတ်ဘဲ လေ့လာသည့်ပါတီများအနေဖြင့်ရှိသည်။

## (င) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း အဖွဲ့ဝင်ပါတီများ

**ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းတွင် ပါဝင်သည့်အဖွဲ့ဝင်ပါတီများ**

| စဉ် | ပါတီအမည် | စဉ် | ပါတီအမည် |
|---|---|---|---|
| ၁ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃ | တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၂ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၄ | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ |
| ၃ | ရခိုင်အမျိုးသားပါတီ | ၁၅ | ကယားလူမျိုးစု ဒီမိုကရေစီပါတီ |
| ၄ | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီ | ၁၆ | ထားဝယ်တိုင်းရင်းသားများပါတီ |
| ၅ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၁၇ | ဖက်ဒရယ်ပြည်ထောင်စုပါတီ |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၈ | ကချင်ဒီမိုကရက်တစ်ပါတီ |

| | | | |
|---|---|---|---|
| ၇ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၁၉ | မြို့တိုင်းရင်းသားပါတီ |
| ၈ | "ဝ" ဒီမိုကရက်တစ်ပါတီ | ၂၀ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၉ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ |
| ၁၀ | ဓနုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂ | ဓနုအမျိုးသားအဖွဲ့ချုပ် |
| ၁၁ | တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၃ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ |


## (၂) မဟာမိတ်ပါတီ၏ ဖွဲ့စည်းမှုပုံစံနှင့် ဖွဲ့စည်းပုံစည်းမျဉ်း/မူဝါဒ

### (က) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း ဖွဲ့စည်းပုံ


ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရယ်ရှင်းသည် မြန်မာ့နိုင်ငံရေးလမ်းပေါ် လျှောက်လမ်းရာ၌ အဖွဲ့၏ရည်မှန်းချက်ပန်းတိုင်များအား လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရန် ရုံးပိုင်းဆိုင်ရာအဖွဲ့အစည်းတစ်ရပ်နှင့် နိုင်ငံရေးပိုင်းဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဟူ၍ ဖွဲ့စည်းထားကြသည်။ ရုံးပိုင်းဆိုင်ရာအဖွဲ့အစည်း၏ အဓိကပင်မသွေးကြောဖြစ်သော Senior Management Team သည် ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများအပါအဝင် ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းစဉ်များ၊ ညီနောင်တိုင်းရင်းသား မဟာမိတ်အဖွဲ့၏ ရည်မှန်းချက်အထမြောက်စေရန်အလို့ငှာ လွှတ်တော်နိုင်ငံရေးနှင့် လွှတ်တော်ပြင်ပနိုင်ငံရေးများတွင် ဆက်စပ်ပတ်သက်လျှက်ရှိသောလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ကာ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။ ရုံးပိုင်းဆိုင်ရာ အတွင်းရေးမှူးအဖွဲ့သည် သတင်းထုတ်ပြန်ရေးအဖွဲ့၊ အောင်နိုင်ရေးအဖွဲ့နှင့် ပါတီစည်းရုံးရေးအဖွဲ့များ၏ လုပ်ငန်းစဉ်တို့ကို ကြီးကြပ်အကောင်အထည်ဖော်ဆောင်သည့် အဖွဲ့အစည်းဖြစ်သည်။

နိုင်ငံရေးပိုင်းဆိုင်ရာကဏ္ဍတွင် ဖွဲ့စည်းထားသည့် သဘာပတိအဖွဲ့သည် အမြဲတမ်းပါတီများ၏ ဥက္ကဋ္ဌများပါဝင်ပြီး ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းဝင် ပါတီများအားလုံးသဘောတူလက်ခံကာ ထုတ်ပြန်သည့် statement များလက်မှတ်ရေးထိုးအတည်ပြုခြင်းများကို ဆောင်ရွက်သည်။ သဘာပတိအဖွဲ့အောက်တွင် ဖွဲ့စည်းပုံးအရ အတွင်းရေးမှူးအဖွဲ့ရှိပြီး အဖွဲ့ဝင်ပါတီများမှ တင်ပြလာသည့် statement များအား ဦးဆောင်ဆွေးနွေး ထုတ်ပြန်မှုများ ပြုလုပ်သည်။

**ရုံးလုပ်ငန်းပိုင်းဆိုင်ရာ**




**နိုင်ငံရေးပိုင်းဆိုင်ရာ**



ပါတီစည်းရုံးရေးအဖွဲ့ | အောင်နိုင်ရေးအဖွဲ့ | သတင်းထုတ်ပြန်ရေးအဖွဲ့ | အမြဲတမ်းအဖွဲ့ဝင်ပါတီများ

## (ခ) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ရန်ပုံငွေဆိုင်ရာအခြေအနေ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းသည် နိုင်ငံရေးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရာတွင် ချောချောမောမောပြီးမြောက်စေရန် ဘဏ္ဍာငွေလက်ဝယ်ရှိရေးသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်သဖြင့် နိုင်ငံရေးပါတီအသွင်မဆောင်သည့် အဖွဲ့အစည်းအားပုံဖော်မှုပုံစံဖြင့် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံမှ ဘဏ္ဍာငွေအထောက်အပံ့များအား နှစ်စဉ်လက်ခံရရှိခဲ့သည်။ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ဦးဆောင်သူများသည် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံသို့ တစ်နှစ်တစ်ကြိမ် အစီရင်ခံစာရေးသား၍ ငွေကြေးအထောက်အပံ့ကို လျှောက်ထားသကဲ့သို့ တစ်နှစ်တစ်ကြိမ် ငွေစာရင်းရှင်းတမ်းလွှာများအစီရင်ခံခြင်းဖြင့် ဘဏ္ဍာငွေကြေးဆိုင်ရာအခက်အခဲမပေါ်ပေါက်စေရန် စီမံဆောင်ရွက်ထားမှုများအား ဦးဆောင်ပါတီတစ်ခု၏ ပါတီဥက္ကဋ္ဌလည်း ဖြစ်သည့်Senior Management Team ၏အဖွဲ့ဝင်တစ်ဦးမှ ပြောကြားခဲ့သည်။

## (၃) ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ နည်းဗျူဟာများနှင့် ဆောင်ရွက်နေမှုများ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုတွင် ပြည်နယ်အသီးသီး၌ ဖက်ဒရေးရှင်းအဖွဲ့ဝင်တိုင်းရင်းသားပါတီများ၏ နေရာသည် ရွေးကောက်ပွဲရလဒ်ကောင်းထွက်ရန် အလားအလာများစွာရှိသည်။ တိုင်းဒေသကြီးများတွင် တိုင်းရင်းသားပါတီများအနေဖြင့် ဝင်ရောက် ယှဉ်ပြိုင်ရန် အခွင့်အလမ်း နည်းပါးခြင်းနှင့် ဖက်ဒရယ်ပြည်ထောင်စုအရေးတွင် ဗမာတိုင်းရင်းသားသည်လည်း ပါဝင်ရန် အခွင့်အလမ်းရရှိစေခြင်းစသည့် မျှော်မှန်းချက်များဖြင့် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ညီမငယ်အသွင် ပုံဖော်ထားသည့် ဖက်ဒရယ်ပြည်ထောင်စုပါတီသည် တိုင်းဒေသကြီးအသီးသီးတွင် ရွေးကောက်ပွဲဝင်ရောက်ခွင့်ရရှိစေမည့် အခွင့်အလမ်းအား ဖန်တီးထားခဲ့သည်။

### (က)ဖက်ဒရယ်စနစ်အပေါ် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ချဉ်းကပ်မှုပုံစံ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအနေဖြင့် ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးဟု အမြင်ရှိနေသည်များကို ဖက်ဒရယ်ဆိုသည်မှာ ပေါင်းစည်းခြင်းဖြစ်သည်ဟု မြန်မာ့နိုင်ငံရေးအား ပုံဖော်နေသူများနှင့် ပါဝင်ဆောင်ရွက်နေသူများ နားလည်လက်ခံလာစေရန် အမျိုးမျိုးသော stakeholders များနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်မှုမြောက်မြားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများသည် တဖြည်းဖြည်းပီပြင်မှုရှိလာခဲ့သည်။ ထိုကြိုးပမ်းမှုများ၏ ရလဒ်သည် ဖက်ဒရယ်စနစ်ကို လက်ခံဆွေးနွေးမှုများ ပြုလုပ်လာခြင်းနှင့် တိုင်းရင်းသားပါတီအသီးသီးမှ ၄င်းတို့ဒေသနှင့် ကိုက်ညီသော ဖက်ဒရယ်စနစ်၏ အခြေခံအချက်များအား ဥပဒေမူကြမ်းကော်မတီသို့ တင်ပြထားနိုင်မှုပင်ဖြစ်သည်။ ညီနောင်တိုင်းရင်းသားများ မျှော်မှန်းထားသည့် ဖက်ဒရယ်စနစ်သည် ကိုယ်ဒေသအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေချင်ကြသည်။ အထူးသဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုသည့် အာဏာ(၃)ရပ်အား ကိုယ့်ဒေသဖြင့်ကိုယ် စီမံခန့်ခွဲခွင့်ရရှိလိုခြင်းသာ ဖြစ်သည်။ ထိုအာဏာ(၃)ရပ်တွင် ဝန်ထမ်းခန့်ထားရေးမှ အစပြု၍ လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်း(power sharing)၊ သယံဇာတအရင်းအမြစ်များခွဲဝေသုံးစွဲခြင်း(resource sharing)နှင့် အခွန်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း(Tax sharing) စသည့် လုပ်ပိုင်ခွင့်များ အကျုံးဝင်သွားမည်ဖြစ်သည်။ မည်သည့် တိုင်း/ပြည်နယ်ကိုမဆို အခြားသောအစိုးရအဖွဲ့မှ လာရောက်စီမံအုပ်ချုပ်နေရန်မလိုဘဲ ကိုယ်ပိုင်အစိုးရအဖွဲ့ဖြင့် စီမံအုပ်ချုပ်ပိုင်ခွင့်ရရှိသွားမည်ဆိုပါက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တန်းတူအခွင့်အရေးများရရှိလာမည်ဖြစ်သည်။ ထိုတိုင်းနှင့်ပြည်နယ်အသီးသီးအား လွှမ်းခြုံနိုင်မည့်အစိုးရတစ်ရပ်အား ပြည်နယ်နှင့် တိုင်းအစိုးရများ လက်ခံသဘောတူသော လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရေးကို လိုလားကြသည်။

### (ခ) အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုပြုလုပ်မှုအများဆုံးအဖွဲ့အစည်းဟု ဆိုနိုင်သည်။ အလှူငွေပံ့ပိုးပေးခြင်း၊အမြင်ဖွင့်ဆွေးနွေးပွဲများနှင့် နိုင်ငံရေးပိုင်းဆိုင်ရာသင်တန်းများပံ့ပိုးပေးခြင်း စသည်တို့ကို နိုင်ငံတကာအဖွဲ့အစည်းများထံမှ ရရှိနေကြသည်ကိုတွေ့ရသည်။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပက်သက်၍လည်း နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင် (Political Dialogue Framework) ကို နိုင်ငံရေးပါတီ(၅၆)ပါတီအပြင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ MPC/UPWC တို့နှင့်ပူးပေါင်းပါဝင်ရေးဆွဲခဲ့သည်။

### (ဂ) ၈ ပြည်နယ် သတ်မှတ်ချက်အပေါ် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ အမြင်

နိုင်ငံရေးအသိုင်းအဝန်း၌ ဖက်ဒရယ်စနစ်အပေါ် ပုံစံအမျိုးမျိုးဖြင့်နားလည်လက်ခံပြောဆိုနေမှုများတွင် (၈)ပြည်နယ် ဆိုသည့်စကားရပ်အား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများဖြစ်လာကြသည်။ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ပင်မမျှော်မှန်းချက်သည် ဖက်ဒရယ်ပြည်ထောင်စုစနစ် ပုံပေါ်လာစေရေးဖြစ်သကဲ့သို့ (၈)ပြည်နယ်နှင့် ပတ်သက်၍ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ ပြောရေးဆိုခွင့်ရှိသူများ၏ ကောက်ချက်ချ ပြောဆိုမှုများအရ မြန်မာနိုင်ငံ၏ လူဦးရေပျံ့နှံ့တည်ရှိနေမှု၊ တိုင်းရင်းသားလူမျိုးများ ဖြန့်ကျက်နေထိုင်လျက်ရှိမှုနှင့် တိုင်းနှင့်ပြည်နယ် နယ်နိမိတ်အနေအထားများကြောင့် (၈)ပြည်နယ် ဆိုသည်မှာ ဖြစ်နိုင်ဖွယ်မရှိဘဲ စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မဖြစ်နိုင်ပေ။ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်းအနေဖြင့် ထို(၈)ပြည်နယ်အဖြစ်သတ်မှတ်ပါက လွန်စွာကြိုက်နစ်သက်သော်လည်း တကယ့်လက်တွေ့အကောင်အထည်ဖော်ရန်မှာ တိုင်းဒေသကြီးများ၏ ပထဝီအနေအထားကြောင့် မဖြစ်နိုင်သော အခြေအနေတစ်ရပ်ဟု ရှုမြင်သည်။

### (ဃ)ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအပေါ် အခြားသောမဟာမိတ်များ၏ အမြင်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)အဖွဲ့၏ အမြင်အရ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းသည် အင်အားကြီးပါတီတစ်ခု၏ နောက်ခံအင်အားရှိနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံရေးအလားအလာကောင်းများရရှိနေသည်ဟု ထင်မြင်သုံးသပ်မှုပြုလုပ်ခဲ့သည်။

ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်(FDA)အဖွဲ့က ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအပေါ်တွင် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းသည် အဖွဲ့ဝင်အချင်းချင်းစုစည်းညီညွတ်မှုရှိခြင်း၊ စနစ်ကျသောနည်းနာများဖြင့်လုပ်ကိုင်နေခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ကိုင်နေခြင်းစသော အချက်များကြောင့် အင်အားကောင်းသော ဖက်ဒရေးရှင်းတစ်ခုအဖြစ် ပေါ်ပေါက်လာကာ မြန်မာ့နိုင်ငံရေးတွင် နေရာတစ်နေရာရရှိလာသည်ဟု ရှုမြင်သုံးသပ်ခဲ့သည်။

## (၄) ၂၀၁၅ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် ပြင်ဆင်ထားမှုများ

### (က) ၂၀၁၅ ရွေးကောက်ပွဲ အတွက် ပြင်ဆင်ထားမှုများ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအနေဖြင့် ၂၀၁၆-၂၀၂၀ ကာလများတွင် ဖက်ဒရေးရှင်းမှ ပေါက်ဖွားလာသည့် ဖက်ဒရယ်ပြည်ထောင်စုပါတီ(FUP) အား ပြည်မတွင် အင်အားအကြီးဆုံးပါတီအဖြစ် ရပ်တည်နိုင်စေရန် နည်းဗျူဟာများ ချမှတ်ထားကြောင်း တွေ့ရသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ဖက်ဒရယ်ပြည်ထောင်စုပါတီ(FUP)အား မြန်မာနိုင်ငံသားများအားလုံး သိရှိစေရန် မိတ်ဆက်သည့်သဘောဖြင့် တိုင်းဒေသကြီးများ၌ တစ်မြို့နယ် တစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်နယ်အချို့တွင်လည်း သက်ဆိုင်ရာမိခင်ပါတီများမှ FUP အား ဝင်ရောက်ယှဉ်ပြိုင်ပါဟု တောင်းဆိုပါက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ဖက်ဒရေးရှင်း၏ အောင်နိုင်ရေးကော်မတီအနေဖြင့် မဲဆွယ်စည်းရုံးမှုကာလများ၌အဖွဲ့ဝင်ပါတီများ၏ မဲဆန္ဒနယ်များတွင် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းနှင့် ဖက်ဒရယ်ပြည်ထောင်စုပါတီတို့အား အသိပေးကြော်ငြာခြင်းများပြုလုပ်သွားမည်ဖြစ်သည်။


သို့ဖြစ်ရာ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်းအနေဖြင့် နယ်မြေထပ်ခြင်းမရှိစေရဘဲ မဲဆန္ဒနယ်များကို ဖြန့်ကျက်နေရာရယူမည့် အသွင်ဆောင်နေသည်။ ဖက်ဒရေးရှင်းတစ်ဖွဲ့လုံးအနေဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ရယူရန် ရည်မှန်းထားသည့် ကိုယ်စားလှယ်အရေအတွက်မှာ (၁၀၀) ကျော်ဖြစ်ပြီး ရာခိုင်နှုန်းဖြင့်ဆိုပါက (၂၀%) ဖြစ်ကာ လွှတ်တော်မဲအချိုးအစား ပိုမိုအားကောင်းစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းသည် တိုင်းရင်းသားဒေသများ အားလုံးအပါအဝင် မြန်မာပြည်အနှံ့ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားလှယ် (၃၈၁)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၁၆) ဦး၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၈၄) ဦး၊ တိုင်းရင်းသားရေးရာ ဝန်ကြီး(၂၉)ဦး၊စုစုပေါင်း(၇၁၀)ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ညီနောင်တိုင်းရင်းသားမဟာမိတ်အဖွဲ့သည် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲအား ဖြတ်သန်းပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားမဟာမိတ်အင်အားစုကြီးအဖြစ်ရပ်တည်ကာ (၂၀၁၆) ပြည်ထောင်စုလွှတ်တော်တွင် သမ္မတရွေးချယ်ရာ၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ရေးအား မျှော်မှန်းထားသည်။

## (ခ)၂၀၁၅ ရွေးကောက်ပွဲအလွန် ပြင်ဆင်ထားမှု

၂၀၁၅ ရွေးကောက်ပွဲအလွန် လွှတ်တော်နိုင်ငံရေးတွင် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း၏ အင်အားကြီးမားလာစေရန် စနစ်တကျပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း တွေ့ရသည်။ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းနှင့် ပြည်တွင်းပညာရှင်အချို့က သုံးသပ်ထုတ်ဖော်ထားသည့် (၂၀၁၆) ပြည်ထောင်စုလွှတ်တော်အခင်းအကျင်းတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၁၆၆)ဦး ရာခိုင်နှုန်းအားဖြင့်(၂၅%)သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သေချာသောနေရာ ဖြစ်နေသည်။ ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များတွင် တိုင်းရင်းသား ပြည်နယ်ခွဲတမ်းများအရ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်(၂၀၇)ဦး ရာခိုင်နှုန်းအားဖြင့် (၃၀%)သည် ပါဝင်ခွင့်ရရှိမည်ဟု မျှော်မှန်းထားကြသည်။ ထို့အပြင် တိုင်းဒေသကြီး ခွဲတမ်း(ပြည်မ)သည် လွှတ်တော် ကိုယ်စားလှယ်(၂၉၁)ဦး ရာခိုင်နှုန်းအားဖြင့် (၄၄%) သည် အင်အားကြီးပါတီကြီးနှစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်များ ရရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ထိုသို့ တိုင်းဒေသကြီးခွဲတမ်းတွင် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအနေဖြင့် ပါဝင်ခွင့်အနည်းငယ်ရရှိစေရန် ဖက်ဒရယ်ပြည်ထောင်စုပါတီမှ ကိုယ်စားလှယ်အချို့ဖြင့်လည်း ပြင်ဆင်ထားကြောင်းကို လေ့လာခဲ့ရသည်။ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းက ပုံဖော်ထားသည့် (၂၀၁၆) ခုနှစ် ပြည်ထောင်စုလွှတ်တော် အခြေအနေပြပုံစံအား အောက်ဖော်ပြပါပုံတွင် လေ့လာနိုင်သည်။

### ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်အခြေအနေပြပုံစံ




## (ဂ) ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အင်အားကြီးပါတီများအပေါ်အမြင်

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲ၌ အတိုက်အခံပါတီကြီးမှ တစ်နိုင်ငံလုံး၏ မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းပြုလုပ်သွားခြင်းအပေါ် တိုင်းရင်းသားပါတီများသည် စိုးရိမ်ကြောင့်ကြမှုများဖြစ်ပေါ်နေရသည်ကို တွေ့ရသည်။ အထူးသဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးနေရာများ၌ အင်အားကြီး အတိုက်အခံပါတီကြီးမှ ဝင်ရောက်ယှဉ်ပြိုင်မှုသည် ညီနောင်တိုင်းရင်းသားပါတီများအတွက် စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲ၌ လက်ရှိအာဏာရအင်အားကြီးပါတီနှင့် ပတ်သက်၍ ယင်းပါတီသည် ပြည်နယ်အသီးသီးတွင် ဒေသခံတိုင်းရင်းသားပါတီများအား အနိုင်ရရှိရန် အခွင့်အလမ်းနည်းပါးခြင်းကြောင့် စိုးရိမ်ဖွယ်မရှိသည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

ဇယား (၁)

**NBF အဖွဲ့ဝင် (၂၁) ပါတီ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် ရရှိခဲ့သောလက်ရှိလွှတ်တော်နေရာများ**

| စဉ် | ပါတီအမည် | ပြည်နယ်/ တိုင်းဒေသကြီး | အမျိုးသား | ပြည်သူ့ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တီပါတီ (SNDP) | ၃၆ | ၄ | ၁၈ | ၅၈ |
| ၂ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (CNDP) | ၇ | ၃ | ၂ | ၁၂ |
| ၃ | ရခိုင်အမျိုးသားပါတီ (ANP) | ၁၉ | ၇ | ၉ | ၃၅ |
| ၄ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP) | ၉ | ၄ | ၃ | ၁၆ |
| ၅ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP) | ၄ | ၃ | ၂ | ၉ |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO) | ၆ | ၁ | ၃ | ၁၀ |
| ၇ | တအောင်း(ပလောင်)အမျိုးသားပါတီ (TNP) | ၄ | ၁ | ၁ | ၆ |
| ၈ | "ဝ" ဒီမိုကရက်တစ်ပါတီ (WDP) | ၃ | ၁ | ၂ | ၆ |
| ၉ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (INDP) | ၃ | - | ၁ | ၄ |
| ၁၀ | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) | - | - | ၁ | ၁ |
| ၁၁ | တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ENDP) | ၁ | - | - | ၁ |
| ၁၂ | အရှိချင်းအမျိုးသားပါတီ (ACNP) | - | - | - | - |
| ၁၃ | တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၁၄ | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (WNUP) | - | - | - | - |
| ၁၅ | ကယားလူမျိုးစု ဒီမိုကရေစီပါတီ (KUDP) | - | - | - | - |
| ၁၆ | ထားဝယ်တိုင်းရင်းသားများပါတီ (DNP) | - | - | - | - |
| ၁၇ | ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP) | - | - | - | - |
| ၁၈ | ကချင်ဒီမိုကရက်တစ်ပါတီ (KDP) | - | - | - | - |
| ၁၉ | မြို့တိုင်းရင်းသားပါတီ (MNP) | - | - | - | - |
| ၂၀ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNDP) | - | - | - | - |
| ၂၁ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (KDUP) | - | - | - | - |
| | *စုစုပေါင်း* | ၉၂ | ၂၄ | ၄၂ | ၁၅၈ |

ဇယား (၂)

**၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းမှ ဝင်ရောက်အရွေးချယ်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်း**

| စဉ် | ပါတီအမည် | ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော် | အမျိုးသား လွှတ်တော် | ပြည်သူ့ လွှတ်တော် | တိုင်းရင်းသား ရေးရာဝန်ကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP) | ၁၂၂ | ၁၉ | ၅၉ | ၈ | ၂၀၈ |
| ၂ | ချင်း အမျိုးသားဒီမိုကရက်တစ်ပါတီ (CNDP) | ၂၆ | ၁၃ | ၁၃ | ၃ | ၅၅ |
| ၃ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP) | ၁၈ | ၁၃ | ၈ | ၄ | ၄၃ |
| ၄ | ရခိုင်အမျိုးသားပါတီ (ANP) | ၄၀ | ၁၄ | ၂၁ | ၂ | ၇၇ |
| ၅ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP) | ၁၆ | ၉ | ၉ | ၁ | ၃၅ |
| ၆ | ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP) | ၂၂ | ၃ | ၁၃ | - | ၃၈ |
| ၇ | အရှိုချင်းအမျိုးသားပါတီ (ACNP) | ၄ | - | ၂ | ၂ | ၈ |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ (ENDP) | ၄ | ၂ | - | - | ၆ |
| ၉ | ဓနု အမျိုးသားအဖွဲ့ချုပ် (DNO) | ၄ | ၁ | ၂ | - | ၇ |
| ၁၀ | တအာင်း (ပလောင်) အမျိုးသားပါတီ (TNP) | ၉ | ၃ | ၈ | - | ၂၀ |
| ၁၁ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (TNP) | ၁၁ | ၃ | ၆ | ၂ | ၂၂ |
| ၁၂ | မြို့တိုင်းရင်းသားပါတီ (MNP) | ၂ | ၁ | - | - | ၃ |
| ၁၃ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNDP) | ၃ | - | ၂ | - | ၅ |
| ၁၄ | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (WNUP) | ၁၀ | ၁ | ၅ | - | ၁၆ |
| ၁၅ | ထားဝယ်တိုင်းရင်းသားများပါတီ (DNP) | ၇ | ၃ | ၃ | - | ၁၃ |
| ၁၆ | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (DNDP) | ၁၁ | ၃ | ၅ | - | ၁၉ |
| ၁၇ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) | ၂၇ | ၁၂ | ၁၁ | ၄ | ၅၄ |
| ၁၈ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (INDP) | ၂ | ၁ | ၁ | ၁ | ၅ |
| ၁၉ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (KDUP) | ၄ | - | ၂ | - | ၆ |
| ၂၀ | "အင်းတိုင်းရင်းသားအဖွဲ့ချုပ်" ပါတီ (INLP) | ၂ | ၁ | ၁ | ၁ | ၅ |
| ၂၁ | ကချင်ဒီမိုကရက်တစ်ပါတီ (KDP) | ၂၂ | ၃ | ၇ | - | ၃၂ |
| ၂၂ | ကယားလူမျိုးစုဒီမိုကရေစီပါတီ (KUDP) | ၁၁ | ၁၀ | ၄ | ၁ | ၂၆ |
| ၂၃ | "ဝ" ဒီမိုကရက်တစ်ပါတီ (WDP) | ၄ | ၁ | ၂ | - | ၇ |
| | **စုစုပေါင်း** | **၃၈၁** | **၁၁၆** | **၁၈၄** | **၂၉** | **၇၁၀** |

# ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်(Federal Democracy Alliance-FDA)

## (၁) FDA ကို ဖွဲ့စည်းရခြင်း၏ အကြောင်းရင်း

### (က) နောက်ခံသမိုင်းအကျဉ်း

FDA သည် ဒီမိုကရေစီမိတ်ဆွေပါတီများ (Fraternal Democratic Parties (ဒီမိတ်)) အဖွဲ့မှ အခြေတည်သည်ဟုဆိုနိုင်သည်။ ဒီမိတ်ကို ၂၀၁၀ အထွေထွေရွေးကောက်ပွဲမတိုင်မီကာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ လက်ရှိအာဏာရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က ၂၀၁၀ ရွေးကောက်ပွဲ၌ လွှတ်တော်နေရာအားလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နေရာအားလုံးနီးပါးအနိုင်ရရှိခဲ့သည်။ ယင်းသို့ USDP က လွှတ်တော်နေရာအများစုကိုရယူသွားချိန်တွင်အနည်းစုအနိုင်ရသူများအနေဖြင့် အများစုအနိုင်ရသူများကို လွှတ်တော်ထဲတွင် တစ်ဦးတစ်ဖွဲ့ချင်းယှဉ်ပြိုင်ပါက မည်သို့မျှယှဉ်ပြိုင်နိုင်မည်မဟုတ်ဟုသုံးသပ်မိကြသော ဒီမိုကရေစီပါတီငယ်များက ဒီမိတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။ အဓိကအားဖြင့် တစ်စုတစ်စည်းတည်းစုစည်းခြင်းဖြင့် အာဏာရပါတီကို ပိုမိုအားကောင်းစွာအပြန်အလှန်ထိန်းကျောင်းမှုပြုလုပ်နိုင်ရန် ရည်ရွယ်ခဲ့သည်။ ဒီမိတ်အဖွဲ့တွင် တိုင်းရင်းသားပါတီများ၊ ဗမာအမျိုးသားအင်အားစုပါတီများ စုစုပေါင်း (၁၀) ပါတီပါဝင်ခဲ့သည်။ ဒီမိတ်အဖွဲ့မှ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် ကိုယ်စားလှယ်များမှာ ရှမ်းတိုင်းရင်းသားများဖွံ့ဖြိုးရေးပါတီ (SNDP) က (၅၇) နေရာ၊ ရခိုင်အမျိုးသားဖွံ့ဖြိုးရေးပါတီ (RNDP) က နေရာ (၂၀) ကျော်၊ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီက (၁၆) နေရာအပါအဝင် နေရာ (၁၀၀) ခန့် အနိုင်ရခဲ့သည်။

နောက်ပိုင်းတွင် ဒီမိတ်အဖွဲ့တွင်းမှ တိုင်းရင်းသားနိုင်ငံရေးပါတီ (၅) ခုက ခွဲထွက်ပြီး တိုင်းရင်းသားသီးသန့်ရပ်တည်ဖွဲ့စည်းသည့် မဟာမိတ်အဖွဲ့ဖြစ်သောညီနောင်တိုင်းရင်းသားများဖက်ဒရေးရှင်း (Nationalities Brotherhood Federation-NBF)ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် ၂၀၁၄၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဒီမိတ်အဖွဲ့မှ လက်ကျန်

နိုင်ငံရေးပါတီများနှင့် နောက်ထပ်နိုင်ငံရေးပါတီများစုစည်း၍ ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် (FDA)ဟူသည့်အမည်ဖြင့် မဟာမိတ်အဖွဲ့သစ်ကို စတင်ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ ဒီမိတ်၏ရည်ရွယ်ချက်ကဲ့သို့ပင် အင်အားနည်းပါးသော ဒီမိုကရေစီနိုင်ငံရေးပါတီငယ်များစုစည်းပြီး အားကောင်းသည့်အသံတစ်ခု ပေါ်ထွက်နိုင်စေရေးဖြစ်သည်။

## (ခ) FDA စတင်ပေါ်ပေါက်မှုနှင့် ဦးဆောင်သည့်ပါတီများ

ဒီမိတ်အဖွဲ့အနေဖြင့် အင်အားကောင်းစွာ မပြနိုင်တော့သည့် ကာလအတောအတွင်း ကရင်ပြည်သူ့ပါတီ (KPP) နှင့် NDF တို့မှ ပါတီခေါင်းဆောင်များသည် ပြန့်ကျဲနေသည့်နိုင်ငံရေးပါတီငယ်အင်အားစုများကို စုစည်းပြီး ပိုပြင်သော မဟာမိတ်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန် အစပြုခဲ့ပြီး FDA ဟူ၍ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ FDA အတွက် KPP က တိုင်းရင်းသားနိုင်ငံရေးပါတီများကို စုစည်းခဲ့ပြီး NDF က မူလဒီမိတ်အဖွဲ့ဝင်များအပါအဝင် အခြားအမျိုးသားနိုင်ငံရေးပါတီများကို စုစည်းခဲ့သည်။

## (ဂ) FDA ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်

FDA ၏ အဓိကရည်ရွယ်ချက်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပါတီငယ်များအနေဖြင့် တစ်ပါတီချင်း ပြန့်ကျဲကာသီးခြားစီနေခြင်းအားဖြင့် အင်အားတစ်ရပ်ဖြစ်ပေါ်စေမည်မဟုတ်ဘဲ ပါတီငယ်များအားလုံး ပူးပေါင်းလိုက်ခြင်းအားဖြင့် USDP, NLD စသည့် အင်အားကြီးပါတီများကို ယှဉ်ပြိုင်နိုင်မည့် အင်အားတစ်ရပ်ဖြစ်ပေါ်လာစေရန်၊ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ထွန်းကားစေရေးအတွက် ဒီမိုကရေစီနိုင်ငံရေးပါတီငယ်များက အားကောင်းစွာ တွန်းအားပေးနိုင်ရန် ဖြစ်သည်။

## (ဃ) FDA အဖွဲ့ဝင်ဖြစ်ခွင့်နှင့်ပတ်သက်သည့် သတ်မှတ်ချက်များ

FDA သည် ဗမာနိုင်ငံရေးပါတီ၊ ဗမာမဟုတ်သော တိုင်းရင်းသားနိုင်ငံရေးပါတီ ဟူ၍ ခွဲခြားမထားဘဲ ပါတီငယ်များ၏ စုစည်းမှုတစ်ရပ်အဖြစ် ရပ်တည်မည့် မဟာမိတ်အဖွဲ့ဖြစ်သောကြောင့် အင်အားကြီးနိုင်ငံရေးပါတီများနှင့် ဆက်နွယ်မှု ကင်းရှင်းသော နိုင်ငံရေးပါတီငယ်များအားလုံး ပါဝင်နိုင်သည့် မဟာမိတ်အဖွဲ့ ဖြစ်သည်။

## (င) FDA အဖွဲ့ဝင်ပါတီများ

ကနဦးစုစည်းမှုဖြစ်သည့် ဒီမိတ်အဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီများမှာ - (၁) ရခိုင်အမျိုးသားတိုးတက်ရေးပါတီ (၂) ချင်းအမျိုးသားပါတီ (၃) ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (၄) ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (Phlone-Sqaw Democratic Party) (၅) မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ[1](All Mon Regions Democracy Party)(၆) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (၇) ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ (၈) ဗမာပြည်သူ့ပါတီ[2] (၉) ဒီမိုကရက်တစ်ပါတီ (မြန်မာ) (Democratic Party (Myanmar)-DPM) (၁၀) ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party) တို့ ဖြစ်ပါသည်။

လက်ရှိ FDA မဟာမိတ်အဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | | |
|---|---|---|---|
| ၁ | ကရင်ဒီမိုကရက်တစ်ပါတီ | ၈ | ပြည်ထောင်စုဒီမိုကရေစီပါတီ |

[1]မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီကို ယခုအခါ မွန်အမျိုးသားပါတီ (Mon National Party) ဟု အမည်ပြောင်းလဲဖွဲ့စည်းထားသည်။
[2]ဗမာပြည်သူ့ပါတီသည် ထိုစဉ်က ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီဟူသော အမည်နှင့်ဖြစ်ပြီး နောက်ပိုင်းတွင် ဗမာပြည်သူ့ပါတီဟု အမည်ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။


| | | | |
|---|---|---|---|
| ၂ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉ | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ |
| ၃ | ကရင်ပြည်သူ့ပါတီ | ၁၀ | ဗမာပြည်သူ့ပါတီ |
| ၄ | ခေတ်သစ်ပြည်ထောင်စုပါတီ | ၁၁ | မဟာမိတ်တောင်သူလယ်သမားပါတီ |
| ၅ | ချင်းတိုးတက်ရေးပါတီ | ၁၂ | မြန်မာအမျိုးသားကွန်ဂရက်ပါတီ |
| ၆ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | ၁၃ | မြို့အမျိုးသားဒီမိုကရေစီပါတီ |
| ၇ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၁၄ | ရခိုင်မျိုးချစ်ပါတီ |

*မှတ်ချက်။ ။FDA အဖွဲ့ဝင်နိုင်ငံရေးပါတီများနှင့် ယင်းပါတီများက လက်ရှိလွှတ်တော်တွင် နေရာရယူထားမှုများကိုဇယား(၃)တွင် ကြည့်ရှုနိုင်ပါသည်။*

## (၂) FDA ဖွဲ့စည်းမှုပုံစံနှင့် ဖွဲ့စည်းပုံစည်းမျဉ်း/မူဝါဒများ

### (က) ဖွဲ့စည်းမှုပုံစံ

FDA ၏ ဖွဲ့စည်းပုံတွင် အတွင်းရေးမှူးများအဖွဲ့နှင့် နာယကများအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ရှိပြီး ယင်းအဖွဲ့နှစ်ခုကို Working Committee ဟု ခေါ်သည်။ အတွင်းရေးမှူးများအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်တစ်ဦးစီနှင့် ဖွဲ့စည်းထားပြီး နာယကများအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံရေးပါတီများ၏ ဥက္ကဋ္ဌများ အသီးသီးပါဝင်ကြသည်။ အတွင်းရေးမှူးအဖွဲ့တွင် ပါဝင်သူများသည် မဟာမိတ်အဖွဲ့၏ လုပ်ငန်းဆောင်တာများကို တစ်စိုက်မတ်မတ်လုပ်ဆောင်နိုင်မည့် ပုဂ္ဂိုလ်များဖြစ်ပြီး မိခင်နိုင်ငံရေးပါတီတွင် တာဝန်ယူထားသည့်ရာထူးများလည်း တစ်ခုနှင့်တစ်ခု မတူညီကြပါ။ FDA ၏ လက်ရှိအဖွဲ့ဝင်နိုင်ငံရေးပါတီများမှာ စုစုပေါင်း (၁၃) ပါတီရှိသောကြောင့် အတွင်းရေးမှူး (၁၃) ဦးနှင့် နာယက (၁၃) ဦးစီ ဖြစ်သည်။




FDA ရုံးချုပ်အဖြစ် အမှတ် (၁၇/၁၉)၊ အခန်း (၈၀၂)၊ ၅၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဖွင့်လှစ်ထားပြီး အတွင်းရေးမှူးအဖွဲ့ဝင်များသည် ပါတီအမည်အက္ခရာစဉ်အလိုက် အလှည့်ကျ နေ့စဉ်ရုံးထိုင်ပေးရပါသည်။

အတွင်းရေးမှူး (၁၃) ဦးကို (၃) ဦး သုံးဖွဲ့နှင့် (၄) ဦး တစ်ဖွဲ့ဖွဲ့ထားပြီး တစ်ဖွဲ့ကို နှစ်ရက်စီ ရုံးထိုင်ရန် အချိန်သတ်မှတ်ထားသည်။ နာယက (၁၃) ဦးအနေဖြင့် တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် အလှည့်ကျရုံးထိုင်လျက် ရှိသည်။

FDA ၏အစည်းအဝေးပွဲများကို ပုံမှန်သတ်မှတ်ထားခြင်းမရှိဘဲ အဖွဲ့ဝင်နိုင်ငံရေးပါတီများဘက်မှ အရေးကြီးကိစ္စ တင်ပြလာလျှင်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် အရေးပေါ်ကိစ္စပေါ်ပေါက်လျှင်သော်လည်းကောင်း မဟာမိတ်အဖွဲ့၏ အစည်းအဝေးပွဲများကိုကျင်းပသည်။ အစည်းအဝေးဆုံးဖြတ်မှုပုံစံအနေဖြင့် အဖွဲ့ဝင်အားလုံးသဘောတူလက်ခံလာသည်အထိ ညှိနှိုင်းဆွေးနွေးကြပြီးမှ နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်လေ့ရှိသည်။

### (ခ) FDA ၏ ရန်ပုံငွေဆိုင်ရာ အခြေအနေ

FDA ၏ ရန်ပုံငွေကိစ္စအတွက် ယခင်က အဖွဲ့ဝင်နိုင်ငံရေးပါတီများမှ စုစည်းထည့်ဝင်လှူဒါန်းခဲ့ပါသည်။ ယခုအခါတွင် ထိုကဲ့သို့ ထည့်ဝင်လှူဒါန်းခြင်းမျိုး မရှိတော့ဘဲ သီးခြားရန်ပုံငွေရှာဖွေရေးကော်မတီတစ်ခုကို ဖွဲ့စည်း၍ အခြားသော အဖွဲ့အစည်းများ၊ ပြည်တွင်းမှလူပုဂ္ဂိုလ်များ၏ ထည့်ဝင်လှူဒါန်းမှုများ ရှိသည်။ FDA ၏ ရန်ပုံငွေအတွက် အဖွဲ့ဝင်ပါတီ ခေါင်းဆောင်များရေးသားထုတ်ဝေသော စာအုပ်များကို ထုတ်ဝေရောင်းချပြီး ဝင်ငွေရင်းမြစ်တစ်ခုကို တည်ထောင်ထားရန်လည်း စီစဉ်ထားသည်။ ပြင်ပအလှူရှင်များ၏ ရန်ပုံငွေထည့်ဝင်မှုများသည် FDA အတွက် သီးသန့်ပေးခြင်းမျိုးထက် သီးခြားလုပ်ငန်းစဉ်များဖြစ်သော အာဏာနည်နေ့ကျင်းပခြင်း၊ ပြည်ထောင်စုနေ့ကျင်းပခြင်း စသည့် လုပ်ငန်းစဉ်များအတွက်သာ ပေးခြင်းဖြစ်သည်။

## (၃) FDA ၏ နည်းဗျူဟာနှင့် ဆောင်ရွက်မှုများ

FDA မဟာမိတ်အဖွဲ့အနေဖြင့် လတ်တလောကာလတွင်သိသာထင်ရှားသော လုပ်ဆောင်ချက်များ၊ ရလဒ်များကို မတွေ့ရှိရသေးပါ။ FDA ၏လမ်းကြောင်းအဖြစ် ဖက်ဒရယ်ဒီမိုကရေစီစနစ်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံရေးပါတီငယ်များ၏ ပူးပေါင်းမဟာမိတ်အဖြစ် စုစည်းခဲ့ခြင်း ဖြစ်သော်လည်း လက်တွေ့တွင် အဖွဲ့တွင်းညီညွတ်မှု၊ ရန်ပုံငွေ၊ အဖွဲ့တွင်းနိုင်ငံရေးပါတီများ ပါဝင်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်ထပ်ခြင်း စသည့်အခက်အခဲများစွာနှင့် ရင်ဆိုင်ရုန်းကန်နေရသည့် မဟာမိတ်အဖွဲ့ ဖြစ်သည်။

### (က) အခြားမဟာမိတ်အဖွဲ့နှင့် အခြားအဖွဲ့အစည်းများ၏ FDA အပေါ် အမြင်

အခြားမဟာမိတ်အဖွဲ့များအနေဖြင့် FDA အကြောင်း သိရှိမှု နည်းပါးကြသည်ကို တွေ့ရှိရပါသည်။ UNA မဟာမိတ်အဖွဲ့မှ ခေါင်းဆောင်တစ်ဦး၏ပြောကြားချက်တစ်ခုတွင် FDA မဟာမိတ်အဖွဲ့ကို ယခင်ကအဖွဲ့ဝင်ဖြစ်ခဲ့သော နိုင်ငံရေးပါတီမှခေါင်းဆောင်၏ အဖွဲ့ဟုသာ သုံးနှုန်းမှတ်ချက်ပြုသွားသည်ကို လေ့လာတွေ့ရှိရသည်။ NDF ပါတီကို FDA အတွင်းမှ ဖယ်ရှားသည့်ကိစ္စမျိုးကိုလည်း အခြား မဟာမိတ်အဖွဲ့များက ဂဃနဏ သိရှိခြင်းမရှိပါ။ တစ်ဖန် FDA ၏ ရပ်တည်ချက်နှင့်စပ်လျဉ်း၍ FDA သည် အင်အားကြီးပါတီတစ်ခုဖြစ်သည့် USDP ၏ လောင်းရိပ်မကင်းသော မဟာမိတ်အဖွဲ့တစ်ခုဟု အခြားမဟာမိတ်အဖွဲ့များ၏ ဝေဖန်သုံးသပ်ချက်အချို့လည်း ရှိနေသည်။

### (ခ) ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပုံ

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် IRI (International Republican Institute) ကဲ့သို့သော INGO အဖွဲ့အစည်းများမှ FDA အပါအဝင် အခြားနိုင်ငံရေးပါတီများကို စုပေါင်းသင်တန်းပေးသည့် သင်တန်းများတွင် ဖိတ်ခေါ်သဖြင့် တက်ရောက်ရခြင်းများ ရှိသည်။ FDA ကိုသာ သီးခြားပေးသော သင်တန်းများကား မရှိသေးပါ။

အခြားနိုင်ငံရေးပါတီများ၊ မဟာမိတ်အဖွဲ့များအားလုံးနှင့် ပူးပေါင်း၍လည်း နိုင်ငံရေးပါတီများလိုက်နာသင့်သည့် ကျင့်ဝတ် (Code of Conduct) များကို အတူတကွ ရေးဆွဲခဲ့သည်။

### (ဂ) FDA အဖွဲ့တွင်းနိုင်ငံရေးပါတီများ ညှိနှိုင်းဆောင်ရွက်မှုအနေအထား

FDA တွင် အင်အားကြီးပါတီများ ပါဝင်ခြင်းမရှိဘဲ အင်အားငယ်နိုင်ငံရေးပါတီများသာ ပါဝင်ကြပြီး လက်ရှိတွင် ပါတီတစ်ခုတည်းက ဦးဆောင်မှု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဦးဆောင်မှုမျိုးကို မတွေ့ရှိရပါ။ FDA မှ NDF ပါတီကို ထုတ်ပယ်ခြင်းမပြုသေးသော ကာလမတိုင်မီအထိ NDF ၏ ဦးဆောင်မှုများကို တွေ့ရပြီး FDA ၏ စာရွက်စာတမ်းပြင်ဆင်မှု၊ မှတ်တမ်းမှတ်ရာများကို ပြုစုမှုအပိုင်းတွင်လည်း NDF ၏ ဦးဆောင်ကမကထပြုမှုများကို တွေ့ရသည်။ NDF အား FDA မှ အဖွဲ့ဝင်အဖြစ် ထုတ်ပယ်လိုက်ပြီးနောက်ပိုင်းတွင်မှ FDA ၏ မှတ်တမ်းထိန်းသိမ်းမှုနှင့် စာရွက်စာတမ်းဆိုင်ရာ ပြင်ဆင်ထားရှိမှုများ အားနည်းသွားသည်ကိုလည်း တွေ့ရသည်။ NDF ကို ထုတ်ပယ်လိုက်ပြီးနောက်ပိုင်းတွင် အဖွဲ့တွင်း၌ DPMနှင့် ဒီပြီမ်းပါတီတို့၏ ဦးဆောင်မှု ပိုမိုလာပြီး အဖွဲ့တွင်း၌ ပုဂ္ဂိုလ်ရေးရာလေးစားမှုအနေဖြင့် KPP ပါတီခေါင်းဆောင်ကို အဖွဲ့တွင်းသြဇာလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်အဖြစ် မြင်တွေ့ရသည်။ အဖွဲ့တွင်း၌ အခြားအဖွဲ့ဝင်နိုင်ငံရေးပါတီများ၏ မဟာမိတ်ဆိုင်ရာလှုပ်ရှားမှုများကို မတွေ့ရသလောက် နည်းပါးသည်ကိုလည်း တွေ့ရသည်။ FDA အနေဖြင့် လုပ်ဆောင်မှုပိုင်းဆိုင်ရာ အားနည်းလာပြီး အဖွဲ့အစည်းတစ်ခုအနေဖြင့် လျော့ရဲလာမှုများကိုလည်း တွေ့ရှိရပြီး ယင်းသို့ အင်အားလျော့နည်းလာသော်လည်း အစိုးရ၏တရားဝင်အသိအမှတ်ပြုမှုခံထားရသည့် မဟာမိတ်အဖွဲ့အစည်းတစ်ခုဖြစ်နေသည့်အတွက် မည်သို့ပင်ဖြစ်စေ ဆက်လက်ရပ်တည်သွားဦးမည်ဖြစ်ပြီး ၂၀၁၅ ရွေးကောက်ပွဲအလွန်ကာလတွင် FDA ကို ပိုမိုခိုင်မာအားကောင်းစေရန် အစီအစဉ်အချို့ ရေးဆွဲထားသည်ဟု အဖွဲ့ဝင်ပါတီတစ်ခုမှ ဥက္ကဋ္ဌတစ်ဦးက ဆိုသည်။

## (၄) ၂၀၁၅ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် ပြင်ဆင်ထားမှုများ

### (က) ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားမှုများ

၂၀၁၅ ရွေးကောက်ပွဲတွင် မဟာမိတ်အချင်းချင်း မဲဆန္ဒနယ်ခွဲခြားမှုသဘောတူညီချက်မှုအရ FDA အဖွဲ့တွင်း၌ ရန်ကုန်တွင် မဲဆန္ဒနယ် (၁၀) ခုကို သီးသန့်ခွဲခြားသတ်မှတ်ကာ FDA ဟူသော ခေါင်းစဉ်အောက်တွင် ညီညွတ်စွာ မဲဆွယ်စည်းရုံးပြီး မဲဆန္ဒနယ်လည်း မထပ်စေရဘဲ ရွေးကောက်ပွဲဝင်ရန် စီစဉ်ခဲ့မှုများ ရှိခဲ့သည်။ သို့သော်လည်း အဆိုပါအစီအစဉ်ကို ရန်ပုံငွေကိစ္စအပါအဝင် အခြားအကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်ဖြစ်တော့ဘဲ မဟာမိတ်အဖွဲ့အတွင်း ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒနယ်ထပ်ခြင်းပြဿနာနှင့်လည်း ရင်ဆိုင်ရလျက်ရှိသည်။ မဟာမိတ်အဖွဲ့တွင်း မဲဆန္ဒနယ်မကွဲပြားမှု၊ မဲဆန္ဒနယ်ထပ်ခြင်း စသည့် ပြဿနာရပ်များကို အဖြေရသည်အထိ ဆွေးနွေးညှိနှိုင်းမှုများကိုလည်း မတွေ့ရသေးပေ။

*မှတ်ချက်-FDA အဖွဲ့ဝင်နိုင်ငံရေးပါတီများအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအရေအတွက်ကို ဇယား (၄) တွင် ကြည့်ရှုနိုင်ပါသည်။*

### (ခ) ၂၀၁၅ ရွေးကောက်ပွဲပြီးနောက် ပြင်ဆင်ထားမှုများ

FDA အဖွဲ့ဝင် နိုင်ငံရေးပါတီအချို့မှ လူငယ်အချို့က ၂၀၁၅ ရွေးကောက်ပွဲတွင် သီးခြားစီအနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိပြီး အနိုင်ရရှိပါက ရွေးကောက်ပွဲနောက်ပိုင်းတွင် FDA ၏လုပ်ငန်းဆောင်တာများကို အသက်သွင်းဆောင်ရွက်ရန် ယခုထက်ပိုမို၍ အခွင့်အလမ်းများ ဖန်တီးလာနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။ ထိုသို့ FDA ကို ရှင်သန်စေရန်အတွက် ခိုင်မာအားကောင်းသော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး

အမှန်တကယ်လက်တွေ့ကျကျ လုပ်ဆောင်နိုင်ရန် နှင့် အရည်အသွေးပြည့်ဝသော ရှုံးပိုင်းဆိုင်ရာလည်ပတ်မှုများကို ဆောင်ရွက်ရန် အရေးကြီးသည်ဟု FDA အဖွဲ့ဝင် နိုင်ငံရေးပါတီတစ်ခုမှ ခေါင်းဆောင်လူငယ်တစ်ဦးက ပြောကြားခဲ့ပါသည်။

## (၅) FDA ၏ အခက်အခဲများ

### (က) ခေါင်းဆောင်မှုဆိုင်ရာ အခက်အခဲများ

FDA မဟာမိတ်အဖွဲ့ကို စတင်တည်ထောင်သည့် ၂၀၁၄ ဇန်နဝါရီ ၁၇ ရက်မှ စတင်၍ ၂၀၁၅ မတ်လအထိ FDA ၏အထူးအစည်းအဝေးပွဲများကို NDF ပါတီကစတင်ဦးဆောင်ခေါ်ယူတတ်ပြီး အရေးပေါ်ကိစ္စများအတွက် ကြေညာချက်စာတမ်းများထုတ်ပြန်ရာတွင်လည်း NDF ပါတီကကြိုတင်ရေးသားပြင်ဆင်လေ့ရှိပါသည်။ NDF အား အဖွဲ့ဝင်အဖြစ်မှ မထုတ်ပယ်မီကာလများတွင် ခေါင်းဆောင်မှုပိုင်းဆိုင်ရာအနေအထားတွင် NDF နှင့်အတူ DPM, ဒီ/ငြိမ်းတို့၏ အားပြိုင်မှုများကို တွေ့မြင်ရပြီး ထုတ်ပယ်ပြီးသည့်နောက်တွင်မူ အဖွဲ့အတွင်း ဦးဆောင်မှုအခန်းကဏ္ဍ အပြောင်းအလဲကို မြင်တွေ့ရပါသည်။

### (ခ) မဟာမိတ်အဖွဲ့တွင်း ညီညွတ်မှု

FDA မဟာမိတ်အဖွဲ့အတွင်း အဖွဲ့ဝင်နိုင်ငံရေးပါတီများ အချင်းချင်းချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုပိုင်းဆိုင်ရာများတွင် ဟာကွက်များရှိနေသည်ကို တွေ့ရှိရပါသည်။ အချို့အဖွဲ့ဝင်ပါတီများ၏ ပါတီအတွင်း၌ပင် သတင်းချိတ်ဆက်မှုအားနည်းမှုအချို့ရှိနေပြီး အချို့သောအဖွဲ့ဝင်နိုင်ငံရေးပါတီများသည်လည်း အဖွဲ့ဝင်အဖြစ် အမည်ခံမျှသာပါဝင်ကြသည်ကိုလည်း တွေ့ရသည်။

ဒီမိတ်အဖွဲ့အနေဖြင့် ရပ်တည်နေသည့်ကာလအတွင်း PR စနစ်နှင့်ပတ်သက်၍ အဖွဲ့တွင်းအငြင်းပွားမှုများရှိခဲ့ပြီး PR စနစ်ကို အဖွဲ့တွင်းဦးဆောင်ပါတီတစ်ခုကသာ ထောက်ခံအားပေးသည်ဟု ထင်မြင်ယူဆမှုများ ရှိခဲ့သည်ဟု ယင်းပါတီက ပြောကြားသည်။ PR စနစ်ကို အခြေပြု၍ ဒီမိတ်အဖွဲ့သည် လျော့ရဲသွားသည်ဟု ဆိုနိုင်ကာ ထပ်မံဖွဲ့စည်းသည့် FDA မဟာမိတ်အဖွဲ့တွင်း၌လည်း အဖွဲ့ဝင်ပါတီများဖြစ်သော NDF နှင့် UDP ပါတီတို့ကို တတိယ အင်အားစုတစ်ခု သီးခြားဖွဲ့စည်းလိုက်သည့်ကိစ္စနှင့် ပတ်သက်၍ လက်ရှိမဟာမိတ်အဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီဟုဆိုကာ ၂၀၁၅ မတ်လက ထုတ်ပယ်ခဲ့သည်။ ယင်းသို့ ထုတ်ပယ်မှုအပေါ်တွင်လည်း အဖွဲ့တွင်းသဘောထားမညီညွတ်မှုအချို့ ရှိနေသည်။အဖွဲ့ဝင်နိုင်ငံရေးပါတီအချို့က ထုတ်ပယ်ခံရသော NDF နှင့် UDP ပါတီတို့ကို အဖွဲ့တွင်းပြန်လည်ပူးပေါင်းဆောင်ရွက်စေလိုသည်ကို သိရှိရသည်။ NDF ဘက်မှ FDA နှင့် ပြန်လည်လက်တွဲရန် မူလကစဉ်းစားခဲ့သော်လည်း FDA ၏အချို့သောအဖွဲ့ဝင်ပါတီသစ်များသည် ပါတီကြီးများနှင့်လောင်းရိပ်မကင်းဟု သံသယရှိသဖြင့် ပြန်လည်ပူးပေါင်းရန် မဖြစ်နိုင်ခဲ့ဟု ဆိုသည်။

ဇယား (၃)

**FDA အဖွဲ့ဝင် နိုင်ငံရေးပါတီများ လက်ရှိလွှတ်တော်တွင်း နေရာရယူထားမှု (၂၀၁၃)**

| စဉ် | အဖွဲ့ဝင် နိုင်ငံရေးပါတီအမည် | အမျိုးသား လွှတ်တော် | ပြည်သူ့ လွှတ်တော် | ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ချင်းတိုးတက်ရေးပါတီ | ၄ | ၂ | ၆ | ၁၂ |
| ၂ | ကရင်ပြည်သူ့ပါတီ | ၁ | ၁ | ၄ | ၆ |
| ၃ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | ၁ | ၂ |
| ၄ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | - | - | ၂ | ၂ |
| ၅ | ကရင်ဒီမိုကရက်တစ်ပါတီ | - | - | - | ၀ |
| ၆ | ခေတ်သစ်ပြည်ထောင်စုပါတီ | - | - | - | ၀ |
| ၇ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | - | - | - | ၀ |
| ၈ | ပြည်ထောင်စုဒီမိုကရေစီပါတီ | - | - | - | ၀ |
| ၉ | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ | - | - | - | ၀ |
| ၁၀ | ဗမာပြည်သူ့ပါတီ | - | - | - | ၀ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | မဟာမိတ်တောင်သူလယ်သမားပါတီ | - | - | - | ၀ |
| ၁၂ | မြန်မာအမျိုးသားကွန်ဂရက်ပါတီ | - | - | - | ၀ |
| ၁၃ | မြိုအမျိုးသားဒီမိုကရေစီပါတီ | - | - | - | ၀ |
| ၁၄ | ရခိုင်မျိုးချစ်ပါတီ | - | - | - | ၀ |
| | စုစုပေါင်း | ၆ | ၃ | ၁၃ | ၂၂ |

ဇယား (၄)

## ၂၀၁၅ ရွေးကောက်ပွဲတွင် FDA အဖွဲ့ဝင်နိုင်ငံရေးပါတီများမှ ပါဝင်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းအရေအတွက်

| စဉ် | အဖွဲ့ဝင်<br>နိုင်ငံရေးပါတီအမည် | အမျိုးသား<br>လွှတ်တော် | ပြည်သူ့<br>လွှတ်တော် | ပြည်နယ်/<br>တိုင်းဒေသကြီး<br>လွှတ်တော် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကရင်ဒီမိုကရက်တစ်ပါတီ | ၃ | ၄ | ၆ | ၁၃ |
| ၂ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၄ | ၈ | ၁၃ |
| ၃ | ကရင်ပြည်သူ့ပါတီ | ၂၅ | ၂၀ | ၇၇ | ၁၂၂ |
| ၄ | ခေတ်သစ်ပြည်ထောင်စုပါတီ | ၁ | - | ၂ | ၃ |
| ၅ | ချင်းတိုးတက်ရေးပါတီ | ၄ | ၅ | ၁၃ | ၂၂ |
| ၆ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | ၂ | ၂ | ၃ | ၇ |
| ၇ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၁၅ | ၆ | ၂၈ | ၄၉ |
| ၈ | ပြည်ထောင်စုဒီမိုကရေစီပါတီ | - | ၂ | ၅ | ၇ |
| ၉ | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ | ၁ | ၁ | ၃ | ၅ |
| ၁၀ | ဗမာပြည်သူ့ပါတီ | - | - | ၃ | ၃ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | မဟာမိတ်တောင်သူလယ်သမားပါတီ | ၂ | ၁ | ၃ | ၆ |
| ၁၂ | မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ၂ | ၁ | ၂ | ၅ |
| ၁၃ | မြို့အမျိုးသားဒီမိုကရေစီပါတီ | ၁ | ၂ | ၁ | ၄ |
| ၁၄ | ရခိုင်မျိုးချစ်ပါတီ | ၅ | ၃ | ၈ | ၁၆ |
| | စုစုပေါင်း | ၆၂ | ၅၁ | ၁၆၂ | ၂၇၅ |

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(United Nationalities Alliance-UNA)

## (၁) UNAကိုဖွဲ့စည်းရခြင်း၏ အကြောင်းရင်း

### (က) နောက်ခံသမိုင်းအကျဉ်း

UNA ၏ နောက်ခံသမိုင်းသည် (၁၉၉၀) ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများကိုအခြေပြုခြင်း ဖြစ်သည်။ထိုစဉ်က ပြည်သူများအကြားတွင် ရေပန်းစားခဲ့သော နိုင်ငံရေးခေါင်းဆောင်များကပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (United Nationalities League for Democracy-UNLD)ကိုဖွဲ့စည်းခဲ့ကြသည်။ သို့ရာတွင် နိုင်ငံရေးပါတီအချို့ဖျက်သိမ်းခံရခြင်းနှင့်အတူUNLDမှာလည်းလုပ်ဆောင်ချက်များရပ်ဆိုင်းခြင်းခံလိုက်ရသည်။၂၀၀၂ခုနှစ်တွင် UNLDခေါင်းဆောင်များကပင် United Nationalities Alliance (UNA) အမည်ကိုပြောင်းလဲပြီးမဟာမိတ်အဖွဲ့ကိုဖွဲ့စည်းလိုက်ကြသည်။ ထိုသို့ဖွဲ့စည်းလိုက်သော်လည်းခေါင်းဆောင်ပိုင်းအနေဖြင့် နှစ်ရှည်ထောင်ဒဏ်များချမှတ်ခြင်းခံလိုက်ရသဖြင့် UNAမှာမည်သည့်လုပ်ငန်းဆောင်တာများကိုမျှ မဆောင်ရွက်နိုင်ဖြစ်ခဲ့ရသည်။ အဆိုပါခေါင်းဆောင်များလွတ်မြောက်လာသည့်အချိန် ၂၀၁၂ခုနှစ်တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများလည်းတရားဝင်မှတ်ပုံတင်ခဲ့ကြပြီးမူလစုစည်းထားသောUNAမဟာမိတ်အဖွဲ့ဝင်ပါတီ

(၆) ဖွဲ့အနေဖြင့်ပြန်လည်စုစည်းမိကာအသစ်ပါဝင်လာသော (၂) ပါတီပေါင်းလျှင် စုစုပေါင်းတိုင်းရင်းသားနိုင်ငံရေးပါတီ (၈) ဖွဲ့နှင့်UNAကို ပြန်လည်ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

## (ခ) UNAစတင်ပေါ်ပေါက်မှုနှင့် ဦးဆောင်သည့်ပါတီများ

၁၉၈၈ လူထုအုံကြွမှုတွင် စုစည်းမိကြသောတိုင်းရင်းသားအင်အားစုများသည် ပိုမိုအင်အားကောင်းသောအစုအဖွဲ့တစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားနိုင်ငံရေးပါတီ (၁၂) ခုကUNLDကိုစတင်ဖွဲ့စည်းလိုက်ပြီး၂၀၀၂ခုနှစ်တွင် UNAအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းလိုက်သည်။ သို့သော် မဟာမိတ်အဖွဲ့အဖြစ် ပီပြင်စွာ ပြန်လည် စုစည်းလိုက်နိုင်သည့်အချိန်မှာ၂၀၁၂ခုနှစ်တွင် ဖြစ်သည်။ တိုင်းရင်းသားနိုင်ငံရေးပါတီများဖြစ်သောရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (RNDP)၊ မွန်ဒီမိုကရေစီပါတီစသည့်ပါတီများကUNLDကိုဦးဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။အဆိုပါနိုင်ငံရေးပါတီများမှာရန်ကုန်အခြေစိုက်ပါတီများလည်းဖြစ်သည့်အတွက် မဟာမိတ်အဖွဲ့၏လုပ်ငန်းများကိုဦးဆောင်လှုပ်ရှားဖြစ်နေပြီးမဟာမိတ်အဖွဲ့အတွင်းပါတီအနေနှင့်မဟုတ်ဘဲလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီကဦးဆောင်ပြီးဆောင်ရွက်မှုများကိုလည်းတွေ့ရသည်။

## (ဂ) UNA ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်

UNLDအဖြစ် စတင်စုစည်းသည့်အချိန်တွင် ထားရှိသောရည်မှန်းချက်မှာဖက်ဒရယ်ရေး၊ တိုင်းရင်းသားများ၏အခွင့်အရေးကို မျှတစွာရရှိရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲတစ်ခုပီပြင်စွာပေါ်ပေါက်လာစေရေးတို့ ဖြစ်သည်။ UNAအဖြစ် စုစည်းတည်ထောင်ချိန်တွင်လည်းအဆိုပါမူလရည်မှန်းချက်များကိုပင် ဆက်လက်ကိုင်စွဲပါသည်။ UNLD နှင့် UNAတို့ကတောင်းဆိုသောဖက်ဒရယ်မူသည် ၁၉၄၇ ပင်လုံညီလာခံတွင် သဘောတူညီခဲ့ကြသောဖက်ဒရယ်မူနှင့် ၁၉၆၁ တောင်ကြီးညီလာခံတွင် ဆက်လက်သဘောတူညီခဲ့သည့် ဖက်ဒရယ်မူတို့အပေါ်တွင် အခြေခံသည်။ ဖက်ဒရယ်မူကိုအကောင်အထည်ဖော်နိုင်ရေးဟူသည့် အဓိကရည်ရွယ်ချက်အပြင် ငြိမ်းချမ်းရေးပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားအားလုံးပါဝင်သောနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ပီပြင်စွာပေါ်ပေါက်လာစေရန်ဟူသည့် ရည်မှန်းချက် လည်းပါဝင်သည်။

## (ဃ) UNAအဖွဲ့ဝင်ဖြစ်ခွင့်နှင့်ပတ်သက်သည့် သတ်မှတ်ချက်များ

UNAအဖွဲ့ဝင်ဖြစ်လာစေရန်အတွက် အဓိကအားဖြင့် UNA ၏ မူဝါဒကိုလက်ခံသောတိုင်းရင်းသားနိုင်ငံရေးပါတီဖြစ်ရန် လိုအပ်သည်။ UNAသည် မူလအနေဖြင့် တိုင်းရင်းသားပါတီများစုစည်းမှုအတွက် အဓိကရည်ရွယ်ထား၍ ယခုနောက်ပိုင်းတွင် ဗမာနိုင်ငံရေးပါတီများအနေဖြင့် အဖွဲ့ဝင်ဖြစ်လိုပါကဝင်နိုင်စေရန်အတွက် ထည့်သွင်းစဉ်းစားလျက်ရှိရာမဟာမိတ်အဖွဲ့၏ဖွဲ့စည်းပုံကိုပါ ပြန်လည်သုံးသပ်ပြီး(၂) ကြိမ်အထိဆွေးနွေးထားပြီးလည်း ဖြစ်သည်။

## (င) UNAအဖွဲ့ဝင်ပါတီများ

လက်ရှိUNAအဖွဲ့ဝင်တိုင်းရင်းသားနိုင်ငံရေးပါတီများမှာ (၁) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (Zomi Congress for Democracy)၊ ရခိုင်အမျိုးသားပါတီ (Arakan National Party)၊မွန်အမျိုးသားပါတီ (Mon National Party ) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ (Shan State Kokang Democratic Party)၊ ကယန်းအမျိုးသားပါတီ (Kayan National Party) ကရင်အမျိုးသားပါတီ ( Karen National Party) ကချင်အမျိုးသားဒီမိုကရေစီကွန်ကရက်ပါတီ ( Kachin National Congress for Democracy Party)

တို့ဖြစ်ကြသည်။UNAအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် တရားဝင်ကမ်းလှမ်းလျှောက်ထားသည့် နိုင်ငံရေးပါတီများမှာရခိုင်မျိုးချစ်ပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်တို့ ဖြစ်သည်။

## (၂) UNAဖွဲ့စည်းမှုပုံစံနှင့် ဖွဲ့စည်းပုံစည်းမျဉ်း/မူဝါဒများ


### (က) ဖွဲ့စည်းမှုပုံစံ

အဖွဲ့အစည်းဖွဲ့စည်းထားပုံမှာသဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့၊လုပ်ငန်းကော်မတီအဖွဲ့၊ လူငယ်အဖွဲ့ နှင့် အမျိုးသမီးအဖွဲ့ဟူ၍ ဖွဲ့စည်းထားသည်။ သဘာပတိအဖွဲ့တွင် ပါတီတစ်ပါတီဆီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ပြီး အတွင်းရေးမှူးအဖွဲ့မှ တင်ပြလာသောမူဝါဒများကို အဓိကဆုံးဖြတ်ရန်ဖွဲ့စည်းထားခြင်းဖြစ်သည်။ အတွင်းရေးမှူးအဖွဲ့ကိုUNAအဖွဲ့ဝင်ရန်ကုန်အခြေစိုက်ပါတီ (၅) ပါတီထဲမှ တစ်ဦးစီဖြင့်ဖွဲ့စည်းထားသည်။ လုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်လူဦးရေကန့်သတ်ထားခြင်းမရှိပေ။ အဖွဲ့ဝင်ပါတီများထဲမှ စိတ်ပါဝင်စားသူမည်သူမဆိုပါဝင်နိုင်ကြောင်းသိခဲ့ရသည်။လုပ်ငန်းကော်မတီအဖွဲ့ကိုပံ့ပိုးရန်အတွက် လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့ဟူ၍ (၂) ဖွဲ့ ထပ်မံဖွဲ့စည်းထားသည်လည်းတွေ့ခဲ့ရသည်။

UNAတွင် တိုင်းရင်းသားသုတေသနအဖွဲ့တစ်ဖွဲ့ဖွဲ့ထားရှိပြီးUNAဦးဆောင်သူများဖြစ်သည့် ဦးခွန်ထွန်းဦး၊ ဦးအေးသာအောင် စသည့်တစ်ဦးချင်းစီမှရေးသောဖက်ဒရယ်အရေး၊ တိုင်းရင်းသားများအရေးနှင့် ပတ်သက်၍ရေးသည့်ဆောင်းပါးများကိုအများပြည်သူသိရှိစေရန် လုပ်ဆောင်သည်။ အတွင်းရေးမှူးအဖွဲ့ကိုပံ့ပိုးရန်နှင့် ရုံးအဝင်အထွက်စာများ၊ စာရွက်စာတမ်းများကိုမှတ်တမ်းတင်ထိန်းသိမ်းရန် ရုံးဝန်ထမ်းတစ်ဦးထားရှိသည်ကိုလည်း တွေ့ရသည်။

UNA ၏ ဖွဲ့စည်းမှုဇယား






### (ခ) UNA၏ ရန်ပုံငွေဆိုင်ရာအခြေအနေ

အဖွဲ့တွင် ရန်ပုံငွေဟူ၍ သီးခြားမရှိပေ။ အလုပ်ကိစ္စပေါ်လာမှသာလိုအပ်သောငွေကိုပါတီဝင်များကအဆင်ပြေသလိုပါဝင်ကြသည်။ သို့သော် UNA Conference ကျင်းပသည့်အခါတွင် ငွေကြေးပံ့ပိုးပေးသော အဖွဲ့အစည်းရှိပြီးနိုင်ငံရေးပါတီများအားတိုက်ရိုက်ပေး၍ မရသောကြောင့် ပေါင်းကူးအဖွဲ့ကို ကြားခံ၍ပေးကြောင်းသိခဲ့ရသည်။

## ၃။ UNA ၏ နည်းဗျူဟာနှင့် ဆောင်ရွက်နေမှုများ

UNAသည် ၁၉၉၀ ရွေးကောက်ပွဲအလွန်တွင် လူထုထောက်ခံမှုကိုရရှိထားသောတိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များနှင့်ဖွဲ့စည်းထားသည့် မဟာမိတ်အဖွဲ့ဖြစ်သည်။

UNAအဖွဲ့၏ဆောင်ရွက်မှုကဲ့သို့ပင်သွေးချင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်နေသည်မှာလည်း ဖက်ဒရယ်အရေး၊ တိုင်းရင်းသားအရေးသာ ဖြစ်သောကြောင့်ရည်ရွယ်ချက်ချင်းတူညီသည့် လက်နက်ကိုင်အဖွဲ့များနှင့်ပါ အတွေးအမြင်များဖလှယ်နိုင်စေရန် အဝန်းအဝိုင်းတစ်ခုဖန်တီးထားရှိသည်။ထို့ပြင် UNA ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ပေါ်ပေါက်လာရေးတွင် မတူညီသောရှုထောင့်ပေါင်းစုံမှအမြင်များ၊ ကျွမ်းကျင်မှုများကိုထည့်သွင်းဆုံးဖြတ်နိုင်စေရန် အရပ်ဘက်အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် မိတ်ဖက်ပြုကာ နိုင်ငံရေးမူဘောင်တစ်ခုကိုပူးပေါင်းရေးဆွဲလျက်ရှိသည်။

UNAအနေဖြင့် ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် ရည်မှန်းချက်များအောင်မြင်စေရန် လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပကြိုးပမ်းမှုနစ်မျိုးစလုံးကိုဆောင်ရွက်မည်ဖြစ်သော်လည်းလွှတ်တော်တွင်းကြိုးပမ်းချက်အားဖြင့်

ရည်မှန်းသလောက် မပေါက်ရောက်နိုင်သောကြောင့် လွှတ်တော်ပြင်ပကြိုးပမ်းမှုအပိုင်းကိုပိုမိုအားစိုက်ထုတ်ဆောင်ရွက်သွားရန် ရှိသည်။

## (က) အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ

UNAသည်ဖက်ဒရယ်စနစ်ထွန်းကားရေးအတွက်ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင်တိုင်းရင်းသားနိုင်ငံရေးပါတီများသာမကအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊တစ်သီးပုဂ္ဂလရပ်တည်သောလူပုဂ္ဂိုလ်များအပါအဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပါမိတ်ဖက်ပြုလက်တွဲဆောင်ရွက်လျက်ရှိသည်။ယင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲနိုင်ရေးညှိနှိုင်းဆွေးနွေးမှုများကိုတတိယအကြိမ်ထိ ပြုလုပ်ထားပြီးလည်း ဖြစ်သည်။ ထိုသို့ ညှိနှိုင်းရေးဆွဲထားသည့် UNA ၏ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်မှာတတိယမူကြမ်းအဆင့်ထိရောက်ရှိခဲ့ပြီး ဖြစ်သည်။

ထို့အပြင် နောက်ထပ်ချိတ်ဆက်မှုအဖြစ် အခြားနိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့်လည်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များနှင့် ပတ်သက်၍ အလွတ်သဘောဆွေးနွေးထားသည်။ ထိုသို့ ဆွေးနွေးရာတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက် သီးခြားစီရေးဆွဲထားသည့် မူဘောင်များဖြစ်သောလက်နက်ကိုင်အဖွဲ့အစည်းမူဘောင်၊ နိုင်ငံရေးပါတီ ၅၆ ပါတီမူဘောင်၊ NLDမူဘောင်၊ UNAမူဘောင်နှင့် UPWC/MPCမူဘောင်များကိုအခြေခံ၍ဘုံတူညီသောမူဘောင်တစ်ရပ် ဖြစ်လာစေရေးအဆင့်ဆင့်ဆွေးနွေးလျက် ရှိသည်။

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များတွေ့ဆုံမှုများတွင်လည်းUNAကိုမဟာမိတ်အဖွဲ့အနေနှင့်ဖိတ်ကြားခံရတတ်ပြီးအခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာသံရုံးများကလည်းအစည်းအဝေးပွဲများ၊ ညစာစားပွဲများတွင် UNAကိုဖိတ်ကြားလေ့ရှိသည်။

## (ခ) ၈ ပြည်နယ်သတ်မှတ်ချက် (8 unit) အပေါ် UNA ၏အမြင်

8 unit ဟူသည့် သတ်မှတ်ချက်သည် တိုင်းရင်းသားလူမျိုးအလိုက် ကိုယ်စားပြုမှုပုံစံတစ်မျိုးကိုဆိုလိုသည်။ တိုင်းရင်းသား (၇) မျိုးအတွက် (၇) ပြည်နယ်နှင့် ဗမာလူမျိုးစုအားလုံးအတွက် (၁) ပြည်နယ်သတ်မှတ်ခြင်း ဖြစ်သောကြောင့် (၈) ပြည်နယ်ဟုဆိုခြင်းဖြစ်သည်။သို့ရာတွင် တိုင်းဒေသကြီး (၇)ခုကိုတစ်ပြည်နယ်တည်းအဖြစ် သတ်မှတ်ရန်မှာအခက်အခဲများစွာ ဖြစ်လာနိုင်သဖြင့် (၈) ပြည်နယ်သဘောတွင် ပြည်နယ် (၈) ခုဟူ၍ မြေပုံနယ်နိမိတ်သီးခြားသတ်မှတ်စရာမလိုဘဲပြည်နယ် (၇) ခုအတွက် လူမျိုးစုလွှတ်တော် (၇) ခုနှင့် ဗမာတိုင်းရင်းသားများအတွက် (၁)ခုခွဲဝေသတ်မှတ်ထားရန် လွှတ်တော်ကိုသာအခြေခံခြင်းဖြစ်သည်။ ထိုသို့ ခွဲဝေသတ်မှတ်ထားသောလူမျိုးစုလွှတ်တော်များတွင် တိုင်းရင်းသားများအတွက် နိုင်ငံရေးအာဏာခွဲဝေမှုပိုမိုမျှတစွာရရှိနိုင်စေရေး၊ လူမျိုးစုလွှတ်တော်ကိုပိုမိုပီပြင်လာစေရေး ဖြစ်သည်။

## (ဂ) UNAအပေါ် အခြားအဖွဲ့အစည်းများနှင့် အခြားမဟာမိတ်အဖွဲ့များ၏ အမြင်

အချို့သောပါတီများမှာ UNA ၏ မူဝါဒများနှင့် နိုင်ငံရေးခရီးတစ်လျှောက် လျှောက်လမ်းခဲ့မှုများကို လေးစားပြီးမဟာမိတ်အနေဖြင့်ပါဝင်ချင်သော်လည်း UNFC နှင့်မဟာမိတ်ဖွဲ့ထားသောကြောင့် ပုဒ်မ ၁၇ (၁)နှင့် ၁၇(၂)[3] အရ သတိထားရသည့်အခြေအနေရှိကြောင်း သိခဲ့ရသည်။ တချို့သော CSOs

[3]ပုဒ်မ ၁၇ (၁) အရ တရားမဝင် အသင်းအဖွဲ့များနှင့် ပါတ်သတ် ဆက်နွယ်မှုရှိလျှင် အရေးယူနိုင်သည်။

များကလည်း UNA သည် နိုင်ငံရေးသက်တမ်းတစ်လျှောက် မှန်မှန်ကန်ကန်ရပ်တည်ပြီး UNA ကသာလျှင် တိုင်းရင်းသားများ လိုချင်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်မည်ဟု မြင်ကြသည်။ အနည်းငယ်သော ပါတီအချို့က ခေတ်နောက်ပြန်ဆွဲသောအဖွဲ့ဟု သုံးသပ်ဝေဖန်မှုများလည်းရှိသည်။ အခြားသော မဟာမိတ်အဖွဲ့များ၏ UNA ပေါ်အမြင်မှာ တိုင်းရင်းသားအရေးလုပ်နေသည်ချင်း တူသော်လည်း ရည်ရွယ်ချက်၊ ရပ်တည်ချက် မတူညီသော မဟာမိတ်တစ်ခုအဖြစ် တွေ့မြင်ရသည်။

## ၃။ ၂၀၁၅ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ပြင်ဆင်ထားမှုများ

### (က) ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားမှုများ

UNAအနေဖြင့် ရွေးကောက်ပွဲထက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ဖြစ်မြောက်ရေးကိုအဓိကထားပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက်မူကြမ်းရေးဆွဲခြင်းကိုဦးစားပေးလုပ်ဆောင်လျက်ရှိသည်။မဟာမိတ်အဖွဲ့များ၏ စည်းမျဉ်းစည်းကမ်းအရအဖွဲ့ဝင်နိုင်ငံရေးပါတီများသည် မဲဆန္ဒနယ်မြေထပ်ခြင်းမရှိရသည့်အားလျော်စွာUNAအဖွဲ့ဝင်ပါတီများအနေဖြင့်မဲဆန္ဒနယ်မြေထပ်ခြင်းမရှိကြောင်းသိခဲ့ရသည်။ သို့သော် အချို့သောပါတီဝင်များကUNA အဖွဲ့ဝင်ပါတီများ လွှတ်တော်ထဲတွင် နေရာများနိုင်သမျှများများရစေလိုကြောင်းနှင့် ကိုယ်စားလှယ်လောင်းစာရင်းအရUNAအဖွဲ့ဝင်ပါတီထဲမှ ၃၈၀ ဦးခန့်ရှိကြောင်းသိခဲ့ရသည်။

---

ပုဒ်မ ၁၇ (၂) အရ မတရားသင်းဖွဲ့များ၏ အဖွဲ့ဝင် တစ်ဦးဦးနှင့် ပါတ်သက် ဆက်နွယ်မှုရှိလျှင် အရေးယူနိုင်သည်။

*မှတ်ချက်-၂၀၁၅ရွေးကောက်ပွဲတွင် UNAအဖွဲ့ဝင် နိုင်ငံရေးပါတီများ၏ ဝင်ရောက်ယှဉ်ပြိုင်မှုအရေအတွက်ကိုဇယား (၅) တွင် ကြည့်ရှုနိုင်ပါသည်။*

## (ခ) ၂၀၁၅ ရွေးကောက်ပွဲအလွန်ပြင်ဆင်ထားမှု

UNAသည် ၂၀၁၅ ရွေးကောက်ပွဲအလွန်တွင်လည်းနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိုသာဦးတည်ချက်ထားပြီးၚင်းဆွေးနွေးမှုမှရရှိလာသောရလဒ်များကို ပြည်ထောင်စုပဋိညာဉ်စာချုပ်ပါ အချက်အလက်များနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း/ပယ်ဖျက်ခြင်းတို့ကိုနိုင်ငံတော်၏ အင်အားစုများဖြစ်သည့် လွှတ်တော်၊ တပ်မတော်၊ အစိုးရဝန်ကြီးများမှ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အစိုးရတစ်ရပ်သက်တမ်းတွင် အကောင်အထည်ဖော်ရာ၌ မပြီးစီးခဲ့ပါက နောက်အစိုးရသစ် လက်ထက်တွင် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ ၎င်းတို့ကို အကောင်တည်ဖော်ရာတွင် အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် လူထုပါဝင်မှုအားကို တိုးမြှင့်သွားမည် စသည်ဖြင့် ကြိုတင်ပြင်ဆင်မှုများ ရှိသည်။

### ဇယား (၅)

UNA အဖွဲ့ဝင်နိုင်ငံရေးပါတီများ၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းအရေအတွက်ဇယား
(၂၀.၈.၂၀၁၅ အထိ)

| စဉ် | ပါတီအမည် | ပြည်သူ့ | အမျိုးသား | တိုင်း/ပြည်နယ် | စုစုပေါင်း |
|---|---|---|---|---|---|
| 1 | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၀ | ၁၉ | ၁၃၂ | ၂၁၁ |

| | | | | | |
|---|---|---|---|---|---|
| 2 | မွန်အမျိုးသားပါတီ[4] | ၁၃ | ၁၄ | ၂၈ | ၅၅ |
| 3 | ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃ | ၃ | ၆ | ၁၂ |
| 4 | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ၃ | ၁ | ၇ | ၁၁ |
| 5 | ရခိုင်အမျိုးသားပါတီ[5] | ၂၁ | ၁၆ | ၄၁ | ၇၈ |
| 6 | ကရင်အမျိုးသားပါတီ | ၄ | ၁ | ၁၁ | ၁၆ |
| 7 | ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ | ၉ | ၆ | ၂၂ | ၃၇ |
| 8 | ကယန်းအမျိုးသားပါတီ | ၃ | ၄ | ၈ | ၁၅ |
| | စုစုပေါင်း | ၁၁၆ | ၆၄ | ၂၅၅ | ၄၃၅ |

# ချင်းမိသားစုနိုင်ငံရေးပါတီများ

## ချင်းမိသားစုနိုင်ငံရေးပါတီများ လက်တွဲညှိနှိုင်းဆောင်ရွက်ရေး သဘောတူညီချက်

နိုင်ငံရေးပါတီမဟာမိတ်အစုအဖွဲ့များကိုလေ့လာရာတွင်ချင်းတိုင်းရင်းသားနိုင်ငံရေးပါတီများကလည်း ချင်းမိသားစုနိုင်ငံရေးပါတီများ လက်တွဲညှိနှိုင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကိုသီးသန့်ချမှတ်ထားရှိကာ

[4] မွန်ဒီမိုကရေစီပါတီကို မွန်အမျိုးသားပါတီဟု အမည်ပြောင်းလဲထားခြင်း ဖြစ်သည်။
[5] ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ရခိုင်အမျိုးသားပါတီဟု အမည်ပြောင်းလဲထားခြင်း ဖြစ်သည်။

မဟာမိတ်ဖွဲ့စည်းဆောင်ရွက်မှု အနေအထားတစ်ရပ်ကို တွေ့မြင်ခဲ့ရသည်။အဆိုပါ ဆောင်ရွက်မှုကို ချင်းမိသားစုနိုင်ငံရေးပါတီများလက်တွဲညှိနှိုင်းဆောင်ရွက်ရေး သဘောတူညီချက်စာချုပ်အဖြစ် ချင်းနိုင်ငံရေးပါတီများက တရားဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကာ စာချုပ်ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်က ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၊ မင်္ဂလာခန်းမတွင် လက်မှတ်ရေးထိုး သဘောတူညီခဲ့ကြပါသည်။

## (က) ချင်းမိသားစုနိုင်ငံရေးပါတီများ လက်တွဲညှိနှိုင်းဆောင်ရွက်ခြင်းအကြောင်းရင်း

ချင်းမိသားစုနိုင်ငံရေးပါတီများဆိုသည်မှာ ချင်းတိုင်းရင်းသားမျိုးနွယ်စုများကို အခြေခံပြီးတည်ထောင်ထားသည့် နိုင်ငံရေးပါတီများအားလုံးကို ဆိုလိုပြီး ချင်းမိသားစုနိုင်ငံရေးပါတီများမှာ စုစုပေါင်း (၁၁) ပါတီရှိပြီး ပါတီ အားလုံးက ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ချင်းတိုင်းရင်းသားဒေသအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ထိုကဲ့သို့ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ချင်းမိသားစုနိုင်ငံရေးပါတီများအနေဖြင့် အရေအတွက်များပြားသောကြောင့် မဲဆန္ဒနယ်ထပ်ခြင်း၊ မဲဆန္ဒရှင်များအကြား စိတ်ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ FTTP စနစ်အောက်တွင် ယှဉ်ပြိုင်ရသည့်အတွက် ချင်းပါတီများကို ထောက်ခံသည့်မဲများ မလိုလားအပ်ဘဲ ပြန့်နှံ့သွားပြီးအခြားပါတီများမှ ဆန္ဒမဲအနည်းငယ်ဖြင့် အနိုင်ရသွားနိုင်ခြင်းတို့လည်း ဖြစ်လာနိုင်သည်။ ထိုအကြောင်းအရာများကြောင့်ချင်းမိသားစုနိုင်ငံရေး ပါတီများအနေဖြင့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရေးမဟုတ်သေးဘဲ ညွန့်ပေါင်းပါတီအင်အားစုတစ်ရပ်ကို တည်ထောင်ပြီး ချင်းတိုင်းရင်းသားဒေသများတွင် အင်အားကောင်းစွာ ရပ်တည်နေနိုင်ရေးအတွက် အထက်ပါသဘောတူစာချုပ်ကို စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

ချင်းမိသားစုနိုင်ငံရေးပါတီများအနေဖြင့် ထိုကဲ့သို့သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရန်အတွက် ချင်းနိုင်ငံရေး ပါတီများ၏ တည်ရှိမှုနှင့် လက်ရှိအစိုးရဖွဲ့စည်းပုံကို စနစ်တကျလေ့လာသုံးသပ်ထားသော မူဝါဒစာတမ်းတစ်စောင် ထားရှိသည်ကို မြင်တွေ့ရပါသည်။ အဆိုပါမူဝါဒစာတမ်းတွင် လက်ရှိကျင့်သုံးနေသော FTTP စနစ်အရ လွှတ်တော်တွင် လက်ရှိအာဏာရပါတီ၏ လွှမ်းမိုးမှုနှင့် အစိုးရထိပ်ပိုင်းဖွဲ့စည်းမှုကိုလည်း လေ့လာသုံးသပ်ကာ ချင်းမိသားစုနိုင်ငံရေးပါတီများအနေဖြင့် မဖြစ်မနေ အနိုင်ရရှိရန် လိုအပ်သော ချင်းတိုင်းရင်းသားဒေသများအတွက် ချင်းနိုင်ငံရေးပါတီများအနေဖြင့် ကျစ်လျစ်သိပ်သည်းညီညွတ်စွာ ယှဉ်ပြိုင်အနိုင်ရစေရန် ဗျူဟာမြောက်စီစဉ်ထားသော သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကာ စာချုပ်ပါမဟာဗျူဟာများအတိုင်း ရွေးကောက်ပွဲတွင် လိုက်နာဆောင်ရွက်ရန် စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။

## (ခ) ချင်းမိသားစုနိုင်ငံရေးပါတီများသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သောနိုင်ငံရေးပါတီများ

ချင်းမိသားစုနိုင်ငံရေးပါတီစုစုပေါင်း (၁၁) ပါတီရှိသည့်အနက် အဆိုပါသဘောတူညီချက်တွင် ပါဝင်လက်မှတ် ရေးထိုးကြသည့် ချင်းမိသားစုနိုင်ငံရေးပါတီများမှာ (၁) ချင်းဒီမိုကရေစီအဖွဲ့ချုပ် (၂) ချင်းတိုးတက်ရေးပါတီ (၃) ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (၄) ခုမီးအမျိုးသားပါတီ (၅) မြိုတိုင်းရင်းသားပါတီ (၆) မြိုတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (၇) မြိုအမျိုးသားဒီမိုကရေစီပါတီ (၈) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (၉) အရှိုချင်းအမျိုးသားပါတီ (၁၀) ဇိုတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ ဖြစ်ပါသည်။

ချင်းမိသားစုနိုင်ငံရေးပါတီများ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် အခမ်းအနားကို စီစဉ်ဆောင်ရွက်ပေးသောအဖွဲ့အစည်းမှာ GDI (Gender Development Initiative) နှင့် Christian Aid တို့ ဖြစ်ပါသည်။

## (ဂ) ချင်းမိသားစုနိုင်ငံရေးပါတီများမဟာမိတ်အဖွဲ့၏ ကြုံတွေ့ရသည့်အခက်အခဲများ

ချင်းမိသားစုနိုင်ငံရေးပါတီများသည် ၂၀၁၅ ရွေးကောက်ပွဲအတွက် ချင်းတိုင်းရင်းသားမဲဆန္ဒနယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ထိုကဲ့သို့ နည်းဗျူဟာများ စနစ်တကျချမှတ်ကာ ကြိုတင်စီစဉ်လက်မှတ်ရေးထိုး သဘောတူညီခဲ့ကြသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင်မူ အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရသည်ကို တွေ့ရှိခဲ့ရသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ မဲဆွယ်စည်းရုံးရသည့်ဒေသများတွင် ချင်းမိသားစုနိုင်ငံရေးပါတီ အချင်းချင်းထိပ်တိုက်တွေ့မှုများကလည်း အဆိုပါသဘောတူညီချက်ကို ထိခိုက်လာစေကာ တဖြည်းဖြည်းနှင့် အဆိုပါဗျူဟာမြောက်သော သဘောတူညီချက်မှာလည်း ပျက်ပြယ်လာပြီးကျစ်လျစ်ထိရောက်သောချင်းတိုင်းရင်းသား မဟာမိတ်အဖွဲ့တစ်ခုအဖြစ် ရပ်တည်ရန်မှာလည်း လက်ရှိတွင် မလွယ်ကူတော့သည့်အနေအထား ဖြစ်လာခဲ့သည်ကို တွေ့ရသည်။